# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957


**ပညာဆီမီးကိုရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်းဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင်ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)


၁၃၇၈ ခုနှစ် တော်သလင်းလပြည့်၊ သောကြာနေ့။ Friday , 16 September 2016 (၈၆၈၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်သမ္မတ မစ္စတာအိုဘားမားတို့ တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းမည်ဟု အိုဘားမားပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားတို့သည် ယမန်နေ့ ဒေသစံတော်ချိန်နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ အိုဘားမားက မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အောင်မြင်စွာ အသွင်ကူးပြောင်းမှု၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖြစ်ထွန်းမှုတို့ကြောင့် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပြီး မြန်မာနိုင်ငံအား GSP အခွင့်အရေး ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနှင့် အမေရိကန်နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်သွားနိုင်မည့်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများ အောင်မြင်ရေးအတွက် အကူအညီများပေးအပ်ခဲ့သည့် အမေရိကန်ပြည်သူများ၊ ကွန်ဂရက်နှင့် NGO

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ အိုဘားမားတို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)



မန်းဝင်းခိုင်သန်း(ပြည်ထောင်စုလွှတ်တော်နာယက)

# လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ မြန်မာနိုင်ငံသားအားလုံး တစ်ဦးကိုတစ်ဦး ယုံကြည်ချစ်ခင်စွာဖြင့် သမိုင်းမော်ကွန်းသစ် အတူတကွ ပူးပေါင်းရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြောင်းလဲချိန်တန်သည့်အတွက် စနစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် အသည်းကြားကမဲတစ်ပြားမှသည် လူထု၏တစ်ခဲနက် အားပေးထောက်ခံမှုနှင့်အတူ ပြည်သူ့ကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်တင်မြှောက်ပေးခဲ့ပြီးဖြစ်ရာ ပြည်သူတို့၏ မျှော်လင့်ချက်များစွာတို့သည် ယနေ့အချိန်အခါတွင် မိမိတို့အားလုံးအတွက် တာဝန်များဖြစ်လာခဲ့ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများက ယခုတာဝန်ကို ကျေနပ်ဂုဏ်ယူစွာလက်ခံပြီး မိမိတို့၏ကောင်းမွန်သော သမိုင်းသစ်ကို ရေးထိုးသွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိရာ နိုင်ငံတော်ကို

စာမျက်နှာ ၆ ကော်လံ ၁ သို့ ○

**နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ကို အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးအောင် တက်ညီလက်ညီကြိုးစား။**








# ရှေ့မှန်

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတွင် သစ်တောပြုန်းတီးမှုသည် အဓိကအကြောင်းအချက်ဖြစ်သည်။ လက်ရှိတွင် သစ်တောပြုန်းတီးမှုကြောင့် တစ်ကမ္ဘာလုံး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည်။ ကမ္ဘာ့နိုင်ငံများရှိ သစ်တောများမှာ လူသားများလိုအပ်ချက်အရ တရားဝင်၊ တရားမဝင်ခုတ်လှဲထုတ်ယူမှုများရှိခဲ့ရာ မျက်မှောက်ကာလတွင် သစ်တောပြုန်းတီးမှု အမြင့်မားဆုံးအခြေအနေရောက်လာသည်။

သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံမှာ တတိယနေရာတွင် ရပ်တည်နေပြီး ခုနစ်မိနစ်တွင် ၁၅ တန်ပါ သစ်တင်ကားတစ်စီးနှုန်းဖြင့် နိုင်ငံပြင်ပသို့ရောက်ရှိနေသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာက ယမန်နေ့က အသိပေးပြောကြားလိုက်သည်။ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် တရားမဝင်သစ်ထုတ်ယူမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ပြည်ပသို့သစ်အလုံးလိုက်တင်ပို့ခြင်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းထားသည်။

ထိုသို့ရပ်ဆိုင်းထားသည်ဆိုသော်လည်း ထိုအမိန့်ထုတ်ပြန်ပြီးသည့်နောက် မျက်မှောက်ကာလ နှစ်နှစ်ကျော်အထိ နေ့စဉ်တရားမဝင်သစ်ခုတ်ထုတ်ယူမှုများရှိနေသေးသည်မှာ အမိန့်ထုတ်ပြန်ချက် မတည်၍လော၊ ဥပဒေကိုမျက်ကွယ်ပြု၍ မသမာမှုများရှိနေ၍လော စောကြောဖွယ်ဖြစ်နေသည်။ နှစ်နှစ်တာကာလအတွင်း ထိုမျှများပြားသည့် သစ်ပမာဏကို မော်တော်ယာဉ်များဖြင့် နေ့စဉ်ပြောင်ပြောင်တင်းတင်း သယ်ယူနိုင်မှုမှာ မသမာမှုများ၊ အဂတိလိုက်စားမှုများနှင့် ကင်းနိုင်မည်မဟုတ်ချေ။ ထိုသို့ဆိုရသည်မှာလည်း တစ်နေ့လျှင် သစ်တန်ပေါင်းများစွာ နှစ်နှင့်ချီ၍ ထုတ်ယူခဲ့သဖြင့် ပျက်ပြုန်းသွားသောသစ်တောများ၏ နောက်ဆက်တွဲဆိုးကျိုးများကို လူသားအားလုံးခံစားကြရမည့် အရေးကြောင့်ဖြစ်သည်။

လွန်ခဲ့သည့် အနှစ် ၂၀ ကျော်က သစ်တောများဖြင့်ဖုံးလွှမ်းခဲ့သော ပဲခူးရိုးမကြီးသည် လက်ရှိကာလတွင် သစ်တောကြီးများကွယ်ပျောက်ခဲ့ပြီး အကြွင်းအကျန်နှင့်နောက်ပေါက်ပင်ငယ်များသာ ကျန်တော့သည်ကို မြင်တွေ့နိုင်သည်။ သစ်တောများပြုန်းတီးမှုနှင့်အတူ ဂေဟစနစ်ပါကွယ်ပျောက်သွားပြီး ရှားပါးသတ္တဝါတို့ပါ ဆုံးရှုံးကုန်သည်။ ယင်းအခြေအနေကို ပြန်လည်ကုစားနိုင်ရန်အတွက် အရပ်သားအစိုးရလက်ထက်တွင် သစ်တောစီမံကိန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ပဲခူးရိုးမသစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းပြီး သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟုသိရ၍ ဝမ်းမြောက်မိသည်။ ကျွန်းနှင့်သစ်မာထုတ်လုပ်မှု လုံးဝရပ်နားရေးနှင့် နှစ်စဉ်တောထွက်လျှော့ချထုတ်လုပ်ရေးတွင် ထုတ်လုပ်နိုင်သည့် ပမာဏကိုသာ ချင့်ချိန်ထုတ်လုပ်၍ သစ်ထုတ်လုပ်မှုကို ပုဂ္ဂလိကကုမ္ပဏီများအား ကိုယ်စားထုတ်လုပ်ခွင့်မပြုဘဲ မြန်မာ့သစ်လုပ်ငန်းကသာ ဆောင်ရွက်သွားမည့်အစီအစဉ်များမှာ လျော်ကန်သင့်မြတ်ကောင်းမွန်ပေသည်။

အရပ်သားအစိုးရလက်ထက် ဧပြီလမှ ဩဂုတ်လကုန်အထိ ငါးလတာကာလအတွင်း တရားမဝင်ကျွန်း၊ သစ်မာနှင့်သစ်ခွဲသားများ တန်ချိန်နှစ်သောင်းခန့်နှင့် ပြစ်မှုကျူးလွန်သူ သုံးထောင်ကျော်၊ ယာဉ်ယန္တရားတစ်ထောင်ခန့် ဖမ်းဆီးရမိခဲ့ပြီး လွတ်မြောက်ခဲ့သောအမှုများလည်း များစွာရှိမည်ဖြစ်သည်။ တရားမဝင်သစ်ထုတ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းသည် အနာဂတ်လူသားတို့အား ဒုက္ခဆင်းရဲကြုံတွေ့ရသည်မှာမှန်သော်လည်း ယင်းကိုမျက်ကွယ်ပြုပြီး မတော်လောဘဖြင့် ဆက်လက်ကျူးလွန်နေကြဆဲဖြစ်သည်။

တရားမဝင်သစ်ခိုးထုတ်သယ်ဆောင်မှုများကို စီမံချက်ချဖမ်းဆီးအရေးယူခြင်း၊ သတင်းရယူစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်းဆီးခြင်း၊ ပုံမှန်အစီအစဉ်ဖြင့် ဖမ်းဆီးခြင်းနှင့် ပြည်ပသို့ ခိုးယူသယ်ဆောင်နိုင်သည့် လမ်းကြောင်းများတွင် ပိတ်ဆို့ဖမ်းဆီးခြင်းဟူသည့် နည်းလမ်းငါးသွယ်ဖြင့် အစိုးရက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့်လုပ်ငန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်စေလိုသည်။

သို့ဖြစ်ရာ မြန်မာပြည်ကြီး စိမ်းလန်းသာယာပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပြန်လည်ကောင်းမွန်စေမည့်အရေးအတွက် တရားမဝင်သစ်ထုတ်မှုများ လုံးဝပပျောက်သွားအောင် သက်ဆိုင်ရာဌာနနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမည်ဟုယုံကြည်ပါသည်။ ။

## (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ခဲ့သည်။

(၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရည်အသွေးကြီးကြပ်ဆောင်ရွက်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါကင်းစင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zhi Shuping က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ဝန်ကြီးများ၏ အစည်းအဝေးမှ ရလဒ်များ၊ (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ဆက်သွယ်ရေးပုဂ္ဂိုလ်များ၏ အစည်းအဝေးမှရလဒ်များ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အပင်ပိုးမွှားကင်းစင်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နန်နင်းပူးတွဲကြေညာချက်၊ (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ ပူးတွဲကြေညာချက်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပုဂ္ဂိုလ်များအစည်းအဝေး၏ အစီရင်ခံစာနှင့် ထောက်ခံအကြံပြုချက်များကို သဘာပတိက ဆွေးနွေးတင်ပြပြီး (၅)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ Plan of Action (၂၀၁၇-၂၀၁၈)၊ ယခု အစည်းအဝေး၏ ပူးတွဲကြေညာချက်များ၊ နန်နင်းပူးတွဲကြေညာချက်များအား တင်ပြ၍ အတည်ပြုချက်များ ရယူကြပြီးနောက် နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးနှင့် နေ့ရက်၊ နေရာတို့ကို အဆိုပြုတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးရွာစပါးစိုက်ခင်းများတွင် သီးနှံကာကွယ်ဆေးများ လက်တွေ့ဖျန်းပက်ခြင်းများဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျေးရွာအုပ်စုအချို့ရှိ စပါးစိုက်ခင်းများတွင် ဖြုတ်ပိုးကျရောက်လျက်ရှိရာ အဆိုပါကျေးရွာများတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆေးဖျန်းပုံးနှင့် သီးနှံကာကွယ်ဆေးအသုံးပြုပုံကို ရှင်းလင်းပေးခြင်းနှင့် တောင်သူများနှင့်အတူ စုပေါင်းဆေးဖျန်းသရုပ်ပြသခြင်းကို စက်တင်ဘာ ၁၃ ရက်က ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဖြုတ်ပိုးကျရောက်သည့် ကျေးရွာများဖြစ်သည့် မဲသလွတ်ကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ဝေ့ဆန်ကျေးရွာအုပ်စု၊ မထောကျေးရွာအုပ်စုများသို့ ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစောလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းလှရွှေနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် တောင်သူများနှင့်တွေ့ဆုံ၍ ဖြုတ်ပိုးကျရောက်သည့် အကြောင်းအရင်းများနှင့် ကာကွယ်ဆေးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆေးဖျန်းစက် တစ်လုံး၊ ပိုးသတ်ဆေးပုံး ၁၅ ပုံး၊ ဒါနဒင်ပိုးသတ်ဆေးအလုံး ၂၀၊ ရွက်ဖျန်းအားဆေး ၁၀ ဖာနှင့် ပင်လုံးပြန့်ပိုးသတ်ဆေး ၁၅ ဖာအား ဖြုတ်ပိုးကြရောက်သည့် ကျေးရွာများ အသုံးပြုနိုင်ရန်အတွက် ပေးအပ်ကြသည်။ ဆက်လက်၍ ဆေးဖျန်းပုံးနှင့် သီးနှံကာကွယ်ဆေး အသုံးပြုပုံများကို လက်တွေ့သရုပ်ပြသပြီး ဖြုတ်ပိုးကျရောက်သော စပါးစိုက်ခင်းများအတွင်း စုပေါင်းဆေးဖျန်းခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**




## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အဆက်မပြတ်ဆောင်ရွက်

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၅**

ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက်ပိုင်းက အများပြည်သူ သွားလာစည်ကားရာ မြို့တွင်း ဗိုလ်ချုပ်လမ်းနှင့် ရွှေတောင်လမ်း လမ်းဆုံနေရာတွင် ငါးသိုင်းချောင်းနယ်မြေရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင် ဦးဆောင်သော နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မော်တော်ယာဉ်များယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ လိုက်နာမောင်းနှင်ရေးအတွက် ဥပဒေများနှင့်အညီ အဆက်မပြတ်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

ရှေ့မှန် နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရှေ့မှန် Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

✱ ရှေ့ဖုံးမှ

များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း ပြန်လည်ပြောကြားသည်။

**အမြင်ချင်းဖလှယ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမေရိကန် ဒုတိယသမ္မတ မစ္စတာ ဂျိုးဘိုင်ဒင်က Naval Observatory ၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Blair House ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမေရိကန် အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Ed Royce နှင့် Rayburn House Building တွင် တွေ့ဆုံကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် လင်ကွန်းအထိမ်းအမှတ် အဆောက်အအုံကို သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
အမေရိကန် ဒုတိယသမ္မတ မစ္စတာ ဂျိုးဘိုင်ဒင်နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဟန္နိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် Mr. Vladimir A. Goshin အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

Mr. Vladimir A. Goshin ကို ၁၉၆၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကာဇက်စတန်နိုင်ငံ အက်တိုဘီပြည်နယ် ဒယ်ဇူရမ်ကျေးရွာ၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၈၄ ခုနှစ်တွင် မင့်စ် နိုင်ငံခြားဘာသာတက္ကသိုလ်မှ အင်္ဂလိပ်စာဘာသာရပ်ဖြင့်လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ရုရှားအကောက်ခွန်တက္ကသိုလ်မှ အကောက်ခွန်ဆိုင်ရာ ဥပဒေဘာသာရပ်ဖြင့်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဘယ်လာရုစ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတက္ကသိုလ်မှလည်းကောင်း ဘွဲ့များရရှိခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အကောက်ခွန်ဌာနတွင် ရာထူးအသီးသီးဖြင့်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘယ်လာရုစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ(၁) အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဥရောပ-အာရှ စီးပွားရေးကော်မရှင်၏ အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် (ဝန်ကြီး)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှစတင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးတစ်ဦးရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

## ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် Ms. Satu Suikkari-Kleven အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

Ms. Satu Suikkari-Kleven ကို ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၉၃ ခုနှစ်တွင် ဟယ်လ်ဆင်ကီးတက္ကသိုလ်မှ မဟာဥပဒေဘွဲ့ကို ရရှိခဲ့သည်။ Ms. Satu Suikkari-Kleven သည် ၁၉၉၈ ခုနှစ်တွင် သံတမန်တစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဖင်လန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ပြင်သစ်နိုင်ငံ Strasbourg မြို့ရှိ ဥရောပကောင်စီ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ဖင်လန်နိုင်ငံသံရုံးတို့တွင် ရာထူးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပြည်သူ့ဥပဒေဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး ကလေးတစ်ယောက်ရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အူယူမူချီ (Urumqi)မြို့၌ ကျင်းပမည့် တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး ( The Third Forum of Ministers Responsible for Information)နှင့် ပဉ္စမအကြိမ်မြောက် တရုတ်-ဥရောပအာရှကုန်စည်ပြပွဲ (The Fifth China-Eurasia Expo) သို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Chen Chen နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တတိယအကြိမ်မြောက် ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်တွင် Silk Road: Connection Eurasia and Deepening Friendly Exchange among News Media ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဉ္စမအကြိမ်မြောက် တရုတ်-ဥရောပ အာရှကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာတို့ လိုက်ပါသွားကြောင်း သိရသည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာရာ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## အင်းတော်မြို့တွင် ရေတိုက်စား၍ မျောပါသွားသည့်တံတား ပြန်လည်ပြုပြင်

**အင်းတော် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန်းခင့်ကျေးရွာရှိ လူကူးတံတားမှာ စက်တင်ဘာ ၁၀ ရက်က ရွာသွန်းသည့်မိုးကြောင့် နန်းခင့်ချောင်းမှာ ရေကြီးပြီးတံတားမှာ ရေထဲမျောသွားခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် ပေ ၂၄၀ အရှည်ရှိပြီး အကျယ် ၁၀ ပေ၊ အမြင့် ၁၅ ပေရှိကာ ကျေးရွာသားများ လုပ်အားဒါနအလှူငွေကျပ် သိန်း ၅၀ အကုန်ကျခံကာ ဆောက်လုပ်ထားသောတံတားဖြစ်ကြောင်း၊ တံတားဆောက်လုပ်သည့် ကုန်ကျငွေကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလူကူးတံတား အမြန်ကောင်းမွန်ရေးအတွက် စက်တင်ဘာ ၁၃ ရက်မှစ၍ နန်းခင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ရပ်မိရပ်ဖများဦးဆောင်ကာ ကျေးရွာလူထု ၅၀ ခန့်ဖြင့် အချိန်မီကောင်းမွန်အောင် ပြီးစီးနိုင်ရေး စက်ယန္တရားအကူညီများရယူပြီးဆောင်ရွက်ရာ စက်တင်ဘာ ၁၄ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ဆိုင်ကယ်၊ စက်ဘီးများဖြင့် တံတားပေါ်မှ ဖြတ်သန်းသွားလာနေကြပြီဖြစ်ကြောင်းနှင့် ပြန်လည်ဆောက်လုပ်သည့် ကုန်ကျငွေမှာ ကျပ်သိန်း၅၀ခန့်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ပါကစ္စတန်နိုင်ငံတွင် ရထားနှစ်စင်းတိုက်မိ အနည်းဆုံး လူခြောက်ဦးသေဆုံး



**အစ္စလမ္မာဘတ် စက်တင်ဘာ ၁၅**

ပါကစ္စတန်နိုင်ငံအလယ်ပိုင်းတွင် ရထားနှစ်စင်းတိုက်မိခဲ့ရာ အနည်းဆုံး လူခြောက်ဦးသေဆုံးခဲ့ပြီး ၆၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

စက်တင်ဘာ ၁၅ ရက်နံနက်ပိုင်းတွင် ပန်ဂျက်ပြည်နယ် ရှူဂျာဘတ်မြို့အနီးတွင် ရထားနှစ်စင်း တိုက်မိခဲ့ခြင်းဖြစ်သည်။

ကုန်တင်ရထားတစ်စင်းသည် ရထားလမ်းပေါ်တွင် လူတစ်ဦးအားတိုက်မိပြီး ရပ်တန့်နေစဉ် ခရီးသည်တင်ရထားက ဝင်တိုက်မိခဲ့ရာ ခရီးသည်တင်ရထားမှ ရထားတွဲဆိုင်းများ ပြေးလမ်းချော်ကာ မြေပြင်သို့ လွင့်ထွက်ခဲ့ပြီး ပျက်စီးမှုများစွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းမဖြစ်ပွားမီ ခရီးသည်တင်ရထားသည် ပက်ရှ်ဝါမြို့အနောက်မြောက်ဘက်မှ ကရာချိမြို့တောင်ဘက်ပိုင်းသို့ ခရီးနှင်လျက်ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများအနက် နိုင်ငံခြားသားခရီးသည်များ ပါဝင်မှုမရှိကြောင်း ရဲအရာရှိများက ဆိုသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အခင်းဖြစ်ပွားမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဆင်းဒ်စီရင်စု တောင်ဘက်ပိုင်းတွင် ရထားသုံးစင်း တိုက်မိခဲ့ပြီး လူပေါင်း ၁၃၀ ကျော်သေဆုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# အင်ဒိုနီးရှား၌မော်တော်ဘုတ်ပေါ် ပေါက်ကွဲမှုဖြစ်ပွား ကမ္ဘာလှည့်ခရီးသည်နှစ်ဦးသေဆုံး၊ ၁၈ ဦး ဒဏ်ရာရ







**ဂျကာတာ စက်တင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေစခန်းများတည်ရှိရာ ကျွန်းများဖြစ်သော ဘာလီနှင့် လွမ်ဘွတ်ကျွန်းတို့အကြား ပြေးဆွဲသော မော်တော်ဘုတ်တစ်စင်းပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ကမ္ဘာလှည့် ခရီးသည် ၃၅ ဦး လိုက်ပါလာသော အမြန်ရေယာဉ်ပေါ်တွင် ပေါက်ကွဲမှုကြောင့် သေဆုံးရသူနှစ်ဦးမှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။ သေဆုံးသူတစ်ဦးမှာ ဩစတြီးယား အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်တစ်ဦးမှာ မည်သည့်နိုင်ငံသားဖြစ်သည်ကို အတည်ပြုနိုင်ရန် စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ပေါ်တူဂီ၊ အိုင်ယာလန်နှင့် စပိန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များမှာလည်း ယင်းရေယာဉ်ပေါ်တွင် ရှိနေခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

နိုင်ငံခြားသားခရီးသည် ၃၀ ခန့်နှင့် ရေယာဉ်ဝန်ထမ်း လေးဦးလိုက်ပါလာသော အမြန်ရေယာဉ်သည် ဘာလီကျွန်းအရှေ့ပိုင်း ပါဒန်းဘေးဆိပ်ကမ်းမှ ဂီလီထရာ ဝန်ဂန်ကျွန်းသို့ ဦးတည် မောင်းနှင်နေချိန်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ မတော်တဆမှုအဖြစ် လောင်စာကန်မှ ပေါက်ကွဲမှု ဖြစ်ပွားသည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# တန်ဇန်းနီးယား ကမ်းလွန်၌ ရှာဖွေတွေ့ရှိသော လေယာဉ်ပျက်အပိုင်းအစသည် အမ်အိတ်ချ် ၃၇၀ လေယာဉ်မှ အပျက်အစီးဖြစ်ကြောင်း မလေးရှား အတည်ပြု

**ကွာလာလမ်ပူ စက်တင်ဘာ ၁၅**

ယခုနှစ်ဇွန်လအတွင်းက တန်ဇန်းနီးယားနိုင်ငံကမ်းလွန်ရှိ ပမ်ဘာကျွန်းပေါ်၌ ရှာဖွေတွေ့ရှိခဲ့ရသော အပျက်အစီးအပိုင်းအစကြီး တစ်ခုသည် ပျောက်ဆုံးသွားခဲ့သော မလေးရှားလေကြောင်း လေကြောင်းခရီးစဉ်အမှတ် အမ်အိတ်ချ် ၃၇၀ ကို ပျံသန်းသော ဂျက်လေယာဉ်၏ အပျက်အစီး အစိတ်အပိုင်းဖြစ်သည်ဟု မလေးရှားတာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက်တွင် အတည်ပြုပြောကြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ် မတ်လအတွင်းက ပျောက်ဆုံးသွားခဲ့သော မလေးရှားလေကြောင်းလိုင်းမှ ဘိုးရင်း-၇၇၇ အမျိုးအစား ခရီးသည်တင်လေယာဉ်ကို နှစ်နှစ်ကျော်ကြာ ရှာဖွေခဲ့ကြသော်လည်း အောင်မြင်မှုမရသဖြင့် ရှာဖွေမှုကို ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ အဆိုပါလေယာဉ်သည် ခရီးသည်များနှင့် လေယာဉ်အဖွဲ့သား ၂၃၉ ဦးကို တင်ဆောင်ကာ မလေးရှားနိုင်ငံမြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဦးတည်ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ပိုင် ရီယူနီယံကျွန်းတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက လေယာဉ်ပျက်၏ အပျက်အစီး အစိတ်အပိုင်း တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့ကြသည်။

မိုဇမ်ဘစ်၊ တောင်အာဖရိကနှင့် မောရိသျှနိုင်ငံပိုင် ရိုဒရစ်ကျွန်းတို့တွင် ရှာဖွေတွေ့ရှိရသော အခြားအပျက်အစီး အပိုင်းအစများစွာကိုလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တန်ဇန်းနီးယား ကမ်းလွန်ရှိကျွန်း၌ ရှာဖွေတွေ့ရှိရသော လေယာဉ်ပျက်အပိုင်းအစမှာ လေယာဉ်တောင်ပံကို မတင်ရာ၌ အသုံးပြုသော ယက်ပြားတစ်ခုဖြစ်သည်ဆို၏။

**ရိုက်တာ။**

# အမေရိကန် လက်ခံမည့် ဒုက္ခသည်ဦးရေကို ၃၀ ရာခိုင်နှုန်းမြှင့်တင်ရန် အစိုးရက စီစဉ်နေဟုဆို

**ဝါရှင်တန် စက်တင်ဘာ ၁၅**

၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ပြည်ထောင်စုက လက်ခံမည့် ဒုက္ခသည်ဦးရေကို ၃၀ ရာခိုင်နှုန်း မြှင့်တင်နိုင်ရန် သမ္မတဘာရက်အိုဘားမား၏ အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်း အမေရိကန်တွင် ထုတ်ဝေသော ဝေါစထရိဂျာနယ် အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းသည့် ဒုက္ခသည်များဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ တစ်ရပ်ကို ကိုးကားလျက် ဝေါစထရိဂျာနယ် အမည်ရှိ သတင်းစာက ရေးသားဖော်ပြခြင်းဖြစ်သည်။

၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဒုက္ခသည် ၁၀၀၀၀၀ ထက်မနည်းကို အမေရိကန်ပြည်ထောင်စု က လက်ခံမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက လွန်ခဲ့သည့်နှစ်အတွင်း ထပ်တလဲလဲပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် စတင်မည့် လာမည့် ဘဏ္ဍာရေးနှစ်တွင် အမေရိကန်က လက်ခံမည့် ဒုက္ခသည်ဦးရေကို ၁၁၀၀၀၀ အထိ တိုးမြှင့်မည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ၈၅၀၀၀ အထိသာ လက်ခံခဲ့ကြောင်း ဂျွန်ကယ်ရီက စက်တင်ဘာ ၁၃ ရက်က ကျင်းပသော အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့ရှိ တရားရေးကော်မတီများ၏ တံခါးပိတ် အစည်းအဝေးတွင် ပြောကြားခဲ့သည်ဟု သတင်းစာ၌ရေးသားဖော်ပြသည်။ **ရိုက်တာ။**



# မြေထဲပင်လယ်အတွင်း အိုင်အက်စ် လက်နက်မှောင်ခိုမှုအား နှိမ်နင်းရန် တပ်ဖွဲ့ဝင် ၆၅၀ ဂျာမနီ စေလွှတ်

**ဘာလင် စက်တင်ဘာ ၁၅**

မြေထဲပင်လယ်အတွင်း အိုင်အက်စ်သွေးကြွအဖွဲ့၏ လက်နက်မှောင်ခိုကူးမှုကို တိုက်ဖျက်မည့် နေတိုးအဖွဲ့၏ မစ်ရှင်သစ်တစ်ခု၌ ပူးပေါင်းရန်အတွက် တပ်ဖွဲ့ဝင် ၆၅၀ စေလွှတ်ရန် ဂျာမနီအစိုးရအဖွဲ့က ခွင့်ပြုလိုက်သည်။

"Sea Guardian" ဟုအမည်ပေးထားသည့် နေတိုးအဖွဲ့၏အဆိုပါစစ်ဆင်ရေးတွင် ဂျာမနီတပ်ဖွဲ့များ၏ ပါဝင်မှုမှာ ၂၀၁၇ ခုနှစ်အကုန်ထိ ကြာမြင့်မည်ဖြစ်သည်။ ချွင်းချက်အနေဖြင့် အရေးပေါ်အခြေအနေများပေါ်ပေါက်ပါက ယင်းမစ်ရှင်တွင်ပါဝင်သော ဂျာမနီတပ်ဖွဲ့ဝင်အရေအတွက် ယာယီတိုးမြှင့်သွားဖွယ်ရှိသည်။ ထိုသို့ တပ်ဖွဲ့ဝင်များဖြန့်ကြက်မှုမှာ ဥရောပနှင့်နေတိုးအဖွဲ့အတွင်း စစ်ဘက်ဆိုင်ရာအခန်းကဏ္ဍတိုးချဲ့ရန် ဂျာမနီနိုင်ငံ၏ ပိုမိုကျယ်ပြောသော ပြောင်းလဲမှု တစ်စိတ်တစ်ဒေသဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး အူဆူလာဗွန်ဒါလီရန်းက လက်နက်ကိုင်တပ်ဖွဲ့၏ စစ်လက်နက်ပစ္စည်းနှင့် တပ်ဖွဲ့အဆင့်အတန်းကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဇူလိုင်လအတွင်း ပိုလန်နိုင်ငံ၌ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးတစ်ခုတွင် ပင်လယ်ရေကြောင်း မစ်ရှင်သစ်တစ်ခု စတင်ဆောင်ရွက်ရန် နေတိုးအဖွဲ့ဝင်နိုင်ငံများက သဘောတူခဲ့သည်။ လစ်ဗျားကမ်းလွန်ရှိ လက်နက်နှင့်လူကုန်ကူးမှုများ တိုက်ဖျက်ရန်ကြိုးပမ်းမည့် "ဆိုဖီယာ" ခေါ် ဥရောပသမဂ္ဂ စစ်ဘက်ဆိုင်ရာမစ်ရှင်တစ်ခု၌လည်း ဂျာမနီသင်္ဘောများ ပါဝင်လှေ့ကျင့်လျက်ရှိသည်။

**ရိုက်တာ။**

# ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို အထောက်အကူပြုစေရန် E – Government အကောင်အထည်ဖော်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

E – Government ဆိုသည်မှာ နိုင်ငံသားများ၏အချိန်ကို ဖြုန်းတီးမှုမရှိသည့် အစိုးရအုပ်ချုပ်မှုစနစ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ E – Government ကို ထိရောက်စွာ အကောင်အထည်ဖော်မည်ဆိုလျှင် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ အခွန်ကောက်ယူရာတွင် ပိုမိုတိကျ၊စနစ်ကျလာပြီး နိုင်ငံတော်၏ဘဏ္ဍာငွေများ တိုးပွားမည်ဖြစ်ကြောင်း နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က ဆွေးနွေး ပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့တွင် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ၏ နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအား လုံးသည် E – Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E – Government စနစ်များ ပိုမိုထိရောက် အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဦးနိုင်ထူး အောင်က ထိုသို့ ဆွေးနွေးခြင်းဖြစ်သည်။

ထို့အပြင် E – Government ကို အကောင်အထည်ဖော်မည်ဆိုပါက ပွင့်လင်းမြင်သာမှုရှိလာပြီး အကျင့်ပျက်လာဘ်စားမှုများကို ထိရောက်စွာတိုက် ဖျက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြု မည်ဖြစ်သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာနိုင်မည်ဖြစ် ကြောင်း၊ E – Government ကို အကောင်အထည်ဖော်ရာတွင် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများက အစိုးရ၏ ဝန်ဆောင်မှုများကိုရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အဟန့်အတားများနှင့် ကြန့်ကြာမှုများကိုဖော်ထုတ်ပြီး အိုင်စီတီနည်းပညာသုံးစွဲ၍ မည်သို့ဖြေရှင်းရမည်ကို စဉ်းစားရန်လိုအပ်မည်ဖြစ် ကြောင်း၊ E – Government ကို အကောင်အထည်ဖော်ခြင်းသည် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပိုမိုထိရောက်မြန်ဆန်ကောင်းမွန် ရန် ပြောင်းလဲခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် E – Government အကောင်အထည်ဖော်မှုများကို လေ့လာကြည့်လျှင် ၆၀ ရာခိုင်နှုန်းကျော် မအောင်မြင်သည်ကို တွေ့ရပါကြောင်း၊ ထိုမအောင်မြင်သည့်အကြောင်းအ ရင်းများကို သင်ခန်းစာယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ E – Government အကောင်အထည်ဖော်ရာတွင် အကျိုးစီးပွားဆိုင်ရာပဋိပက္ခများဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်းစဉ်များရှိရန်လိုအပ် မည်ဖြစ်ကြောင်း ဦးနိုင်ထူးအောင်က ဆက်လက်ဆွေးနွေးသည်။



နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်

ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းက E – Government စနစ်ဆိုသည်မှာ စီမံခန့်ခွဲမှုများကို အိုင်စီတီနည်းပညာဖြင့် စီမံခန့်ခွဲအုပ်ချုပ်ခြင်းဖြစ်ပါ ကြောင်း၊ E – Government စနစ်ကို ကျင့်သုံးပါက ကောင်းမွန်ထိရောက်သည့် စီမံခန့်ခွဲမှုများရှိပြီး ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုများရှိခြင်းကြောင့် ပြည်သူလူထုက ပိုမိုယုံကြည်ကိုးစားလာမည်ဖြစ်ကြောင်း၊ ကနဦး ကုန်ကျစရိတ် မြင့်မားသော်လည်း ရေရှည်တွင် အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာလာမည် ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လူ့အဖွဲ့ အစည်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ များကို စနစ်ကျစွာစီမံခန့်ခွဲနိုင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိရှောင်ရှားနိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပွင့်လင်း မြင်သာစွာလုပ်ဆောင်နိုင်မှုများကြောင့် တရားဥပဒေစိုးမိုးပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အခွန်ဘဏ္ဍာများလည်းတိုးတက်လာမည် ဖြစ်ကြောင်း၊ အကောင်အထည်ဖော်မှုများကို စောင့်ကြည့်အကဲဖြတ်ရန်နှင့် စောင့်ကြည့်တာဝန်ယူနိုင်ရန် E – Government စနစ်သည်သာ အကောင်းဆုံး ဖြစ်ပါကြောင်း။

E – Government စနစ်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ မူဝါဒများ၊ ဥပဒေများ၊ အဖွဲ့အစည်းများဖွဲ့စည်းသတ်မှတ်ခြင်း၊ နည်းပညာ အခြေခံအဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ခြင်း၊ သတင်းအချက်အလက် များစုစည်းခြင်း၊ စံနှုန်းသတ်မှတ်ခြင်း၊ ကွန်ရက်ချိတ်ဆက်မှုအားကောင်းရန် သုတေသနပြုခြင်း၊ ဖြစ်နိုင်ခြေကွန်ရက်များတည်ဆောက်ထားခြင်း၊ အသုံးပြု သူများနှင့် ဝန်ဆောင်မှုပေးသူများကို နည်းပညာကျွမ်းကျင်မှုများနှင့် လူ့စွမ်း အားအရင်းအမြစ်များတိုးတက်လာစေရန် အစီအမံများလုပ်ဆောင်ထားခြင်း၊ ဝန်ကြီးဌာနအလိုက် သတ်မှတ်ချက်များဖွဲ့စည်းထားခြင်း၊ လုပ်ငန်းစဉ်များကို အချိန်ဇယားချ၍ မဟာဗျူဟာကျကျ ချမှတ်ဆောင်ရွက်ထားရန်လိုအပ်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်က E – Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အသုံးစရိတ်ကုန်ကျ စရိတ်များလျှော့ချနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုးတက်လာခြင်း၊ အချက် အလက်ဖြန့်ဝေမှုမြန်ဆန်လာခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု၌ အကျိုးသက်ရောက်မှုပိုမိုဖြစ်ထွန်းခြင်း၊ အဂတိလိုက်စားမှု လျော့ပါးသွားစေ နိုင်ခြင်း၊ အစိုးရနှင့်ပြည်သူ၊ အစိုးရနှင့်လုပ်ငန်းရှင်များ၊ အစိုးရဌာနများတွင် လုပ်ငန်းဆောင်ရွက်မှုများ အပြန်အလှန်ချောမွေ့စွာဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း၊ E – Government လုပ်ငန်းစဉ်များ ကို နိုင်ငံတော်မှ အားသွန်ခွန်စိုက်စနစ်တကျအကောင်အထည်ဖော်လျှင် အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာ တွင်လည်း တိုးတက်အောင်မြင်သည့်အသီးအပွင့်များ ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်က ဖွံ့ဖြိုးမှုများစွာနောက်ကျ နေသည့်နိုင်ငံ၏ ယိုယွင်းသည့်အခြေအနေများကိုပြောင်းလဲရန် မှန်ကန်သည့် ကုစားမှုနှင့် မှန်ကန်သည့်လားရာသို့ အရှိန်အဟုန်ဖြင့် ရွေ့လျားနိုင်ရန်လိုအပ် မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အလွဲကုစားမှုများနှင့် လားရာတည့် မတ်နိုင်ရန် အစိုးရအနေဖြင့် အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာများ သုံးစွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် အိုင်တီနည်းပညာအခြေခံအဆောက်အအုံ အတိုင်းအတာတစ်ခုအထိပိုင်ဆိုင်ခြင်း၊ E – Government စနစ်ကို အောင်မြင် အောင်ဆောင်ရွက်နေသည့် နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများကို ရယူနိုင်သည့် အားသာချက်ရှိခြင်း၊ နည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် အတော်အတန်ရှိနေခြင်းများကြောင့် E – Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ရည်မှန်း ချက်များကို ပြန်လည်သုံးသပ်ရေးဆွဲ အကောင်အထည်ဖော်ရန်လိုအပ်မည်ဖြစ် ကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားဖြစ်ထွန်းဖော်ဆောင်ရေးကို အထောက်အကူပြုစေရန် E – Government စနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ဆွေးနွေးခဲ့ ကြသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(၃၁)ရက်မြောက်နေ့ တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ် ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင် သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏အစီရင်ခံ စာကို ဖတ်ကြားသည်။

ယင်းအစီရင်ခံစာတွင် ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း ၃၃ ခု၊ ကြယ်ပွင့်မပြ မေးခွန်း ၂၆ ခု စုစုပေါင်း မေးခွန်း ၅၉ ခု မေးမြန်းခဲ့ပြီး အဆိုတစ်ခု တင်သွင်း ခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း ၂၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၄ ခု ကတိဖြစ် ပေါ်ခဲ့ပြီး အဆိုတစ်ခုကို လွှတ်တော် က မှတ်တမ်းအဖြစ်သာ ထားရှိ ကြောင်း ပါရှိသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေတင်၏ “မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် အုပ်စုအမှတ် ၉ အကွက်နံပါတ် ၇၀ အကွရာနံပါတ် ၈၆ ဦးပိုင်အမှတ် ၆၅ ဧရိယာ ၄ ဒသမ ၅၉၁ ဧကရှိ မြေကွက်များအား ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင် ရန် သိမ်းယူခဲ့ပြီးနောက် ယခုလက်ရှိ တွင် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတော့ သဖြင့် မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင် များ၏ နစ်နာဆုံးရှုံးမှုများကို ကုစား



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၆)မှ ဦးဖေတင်

ပေးရန် သို့မဟုတ် အစားထိုးဖြေလျှော့ မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံ ရပ်ကွက် အကွက်နံပါတ် ၇၀ ဦးပိုင် အမှတ် ၆၅ ဧရိယာ ၄ ဒသမ ၅၉၁ ဧကရှိ မြေနေရာသည် တပ်မတော် ဆက်သွယ်ရေးတပ်မှ နိုင်ငံတော် အကျိုးစီးပွားအလို့ငှာ လွှဲပြောင်းရယူခဲ့ သည့်အချိန်မှစ၍ ယခုအချိန်အထိ ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက် လျက်ရှိကြောင်း၊ ယခင်ရထားပို့ဆောင် ရေးဝန်ကြီးဌာန၏ အမှုဆောင်ကော် မတီ ဆုံးဖြတ်ချက်များဖြင့် မွန်ပြည် နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပေးထားသော တင်ဒါရွေးချယ် ရေးအဖွဲ့မှ ရွေးချယ်ပေးခဲ့သော Myanmar White Gold ကုမ္ပဏီလီမိ တက်ဖြင့် မြေငှားစာချုပ်ချုပ်ဆိုပြီး ရရှိဝင်ငွေအား နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းခဲ့ပါကြောင်း။

ဌာနမှ တရားဝင်မြေနေရာ လျှောက်ထားချက်အရ ပြည်ထဲရေး ဝန်ကြီးဌာန မော်လမြိုင်ခရိုင် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန အမိန့် ကြော်ငြာစာဖြင့် လျော်ကြေးရယူလိုပါ က သတ်မှတ်ရက်အတွင်း မတောင်းခံ ပါက ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ကြော်ငြာခဲ့သော်လည်း မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များ အပါအဝင် မည်သူတစ်ဦးတစ်ယောက် မျှ လာရောက်တင်ပြသူမရှိသည့် အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် ကုန်းလမ်းပို့ ဆောင်ရေးဌာနအတွက် အသုံးပြုရန် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်၍ မူလသိမ်း ဆည်းခဲ့သည့် ပိုင်ရှင်များအား အစား ထိုးဖြေလျှော့ပေးရန် အစီအစဉ်မရှိပါ ကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်း မြို့နယ် ထောင်ခမတ်ကျေးရွာအုပ်စု အတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမှ စားအုန်း ဆီပင်များ စိုက်ပျိုးထားသောမြေ နေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ၊ ဘုတ်ပြင်းလေဆိပ် ဆောက်လုပ်ရေးစီမံကိန်းအတွက် သိမ်းဆည်းခံရသော ဥယျာဉ်ခြံမြေ များကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် လေဆိပ်စီမံကိန်းမှ မသုံး ဘဲကျန်ရှိနေသော ဥယျာဉ်ခြံမြေများ အား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက တောင် ဒဂုံဆီအုန်းကုမ္ပဏီမှ ဘုတ်ပြင်းမြို့နယ် နှင့် ကရသူရီမြို့များတွင် လက်ရှိစိုက် ပျိုးထားရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ဥပဒေနှင့်အညီ လျှောက်ထားရယူ၍ အရင်းအနှီး စိုက်ထုတ် စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း၊ မူလတောင်သူလက်ငုတ်များ ပါဝင်မှု မရှိခြင်းတို့ကြောင့် စိုက်ပျိုးပြီးဧရိယာ အပေါ် ပြန်လည်စွန့်လွှတ်ရန် မရှိပါ ကြောင်း ဖြေကြားသည်။

ထို့အပြင် ဘုတ်ပြင်းမြို့နယ်အတွင်း ကျန်မြေဧရိယာ ၁၆၄၈ ဧကအား ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ပြန်လည် ရုပ်သိမ်းရေး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟို ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရရှိပါက သက်ဆိုင်ရာဒေသခံ တောင်သူများအား ဥပဒေနှင့်အညီ လျှောက်ထားစေရေး ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

ဘုတ်ပြင်းလေဆိပ်အတွက် သိမ်း ဆည်းထားသော မြေဧရိယာတွင်ပါဝင် သည့် မြေပိုင်ရှင်များအတွက် အစား ထိုးမြေကွက်များအား ထိုစဉ်က ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ပြန်လည် ပေးအပ်ခဲ့သော်လည်း မြေလျော်ကြေး ပေးချေထားခြင်း မရှိပါကြောင်းနှင့် မြေလျော်ကြေးတောင်းခံမှုနှင့်ပတ် သက်၍ အစားထိုးမြေကွက်ရရှိမှု အခြေအနေ၊ သိမ်းဆည်းခဲ့သည့် ဧရိယာ၊ အမှန်တကယ်ပေးလျော်ရမည့် သူ၊ ပေးလျော်သင့်သည့် ပမာဏတို့ကို ဒေသအာဏာပိုင် အဆင့်ဆင့်နှင့် ညှိနှိုင်းစိစစ်သွားမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ် (၁၀)မှ ဦးကျော်သန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်သန်း၏ “ရခိုင်ပြည် နယ် မာန်အောင်မြို့နယ် ရဲကျွန်း- မြောက်ရွာ ဆိပ်ခံတံတားကို စက်လှေ များ ဆိုက်ကပ်နိုင်ရေးအတွက် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ”မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးကျော်မျိုးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် စက်လှေများ ရာသီမရွေးဆိုက်ကပ်နိုင်ရန် ဒီလှိုင်း ကာကျောက်နံရံတည်ဆောက်ပေးရန် ခန့်မှန်းကုန်ကျငွေ တွက်ချက်ခဲ့ရာ လိုအပ်သည့် အလျား ပေ ၁၅၀၊ အနံ ခြောက်ပေရှိ ဒီလှိုင်းကာကျောက်တန်း တစ်ခုတည်ဆောက်ပါက ခန့်မှန်းတန်ဖိုး ကျပ် ၂၁ ဒသမ ၅ သန်း ကုန်ကျမည် ဖြစ်ပါကြောင်း။

မာန်အောင်မြို့နယ် ရဲကျွန်း- မြောက်ရွာ ဆိပ်ခံတံတားအား စက်လှေများ ရာသီမရွေးဆိုက်ကပ် နိုင်ရန်အတွက် ဒီလှိုင်းကာကျောက် စီနံရံ တည်ဆောက်ရေးလုပ်ငန်း အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ ကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးမှု များပြုလုပ်ပြီး ဆောင်ရွက်သင့်သည့် အစီအမံများကို ပြည်နယ်အစိုးရအဖွဲ့ သို့ တင်ပြညှိနှိုင်းပေးသွားမည်ဖြစ် ကြောင်း ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာ သော “ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုင်ရာ ဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားပြီး လွှတ် တော်၏ အဆုံးအဖြတ်ရယူကာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲ သည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ခဲ့ သည်။ **(သတင်းစဉ်)**

# ကမ္ဘာလုံးဆိုင်ရာပြဿနာအတွက် ကမ္ဘာလုံးဆိုင်ရာဖြေရှင်းဆောင်ရွက်ချက်တစ်ရပ် လိုအပ်



## ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်

ကျွန်ုပ်တို့ကမ္ဘာကြီးသည် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီးကတည်းကစ၍ ပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့တွင် ညီညွတ်မှုတသည့် ဖွံ့ဖြိုးတိုးတက်မှုအပြင် ကမ္ဘာကြီးနှင့် လူသားတို့၏နေထိုင်မှု အဆင့်အတန်းမြင့်မားရေးကို ဖော်ဆောင်နိုင်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ အစီအစဉ်ရှိနေပြီဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပါရီသဘောတူညီချက်ကဘေးကင်းလုံခြုံပြီး စဉ်ဆက်မပြတ် ကောင်းမွန်သော ကမ္ဘာတစ်ခုဆီသို့ ကျွန်ုပ်တို့အားလုံး အတူတကွလျှောက်လှမ်းရန် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။

ယခုအခါ မှန်လုံအိမ်ဓာတ်ငွေ့များ အလျင်အမြန်ကြီးထွားလာစေသည့် ဟိုက်ဒရိုဖလူရို ကာဗွန်(HFC)ကြောင့် ပူနွေးလာမှုကို မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ပါ လုပ်ပိုင်ခွင့်များဖြင့် နှေးကွေးသွားစေရေးအတွက် တိုးတက်အောင်မြင်မှုများ ရရှိရန်နှင့် ရာသီဥတုကာကွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ရည်မှန်းချက်များကို လက်တွေ့ဆောင်ရွက်မှုအဖြစ် ပြောင်းလဲကြရမည်ဖြစ်ပါသည်။

နောက်လတွင် ရဝမ်ဒါ၌ နိုင်ငံအဆင့်ကိုယ်စားလှယ်များ စုဝေးသည့်အချိန်တွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်အရ ဟိုက်ဒရိုဖလူရိုကာဗွန်(HFC)လျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုများ ရရှိရေးကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ရှိပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အိုဇုန်းလွှာကိုပျက်စီးစေသည့် ဒြပ်ပစ္စည်းများအစား ဟိုက်ဒရိုဖလူရိုကာဗွန်(HFC)ကို ထိရောက်သည့် အစားထိုးပစ္စည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြပြီး အထူးသဖြင့် ၎င်းတို့ကိုရေခဲသေတ္တာနှင့် လေအေးပေးစက်တို့တွင် အသုံးပြုခဲ့ကြပါသည်။ ဟိုက်ဒရိုဖလူရိုကာဗွန်(HFC)သည် အိုဇုန်းလွှာအား ခြိမ်းခြောက်နေမှုများကို လျှော့ချနိုင်ခဲ့စဉ်မှာပင် ၎င်းဒြပ်ပစ္စည်းများသည် မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်ကြောင်း သိပ္ပံပညာရပ်က ဖော်ထုတ်ခဲ့ကြပါသည်။ ၎င်းဒြပ်ပစ္စည်းများ အသုံးပြုမှု အလွန်လျင်မြန်စွာ တိုးပွားလာမှုနှင့်အတူ ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာကို ယခင်ပုံမှန်ရှိခဲ့သည့်အတိုင်း ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပြတ်သားသော ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

HFC ကိုလျှော့ချခြင်းက ဤရာစုနှစ်ကုန်တွင် ကမ္ဘာကြီးပူနွေးလာမှု၏ ဒီဂရီထက်ဝက်ခန့်အထိ ကျဆင်းသွားစေခြင်း၊ ပါရီသဘောတူညီချက်အတွက် အဓိကတွန်းအားတစ်ရပ်အနေဖြင့် ပံ့ပိုးပေးခြင်းနှင့် အစားထိုးအအေးပေးပစ္စည်းများနှင့် နည်းပညာများတွင် စွမ်းအင် အကျိုးရှိစွာသုံးစွဲမှုကို သိသာစွာ တိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေရန် အထောက်အပံ့ပြုပါလိမ့်မည်။

ကမ္ဘာလုံးဆိုင်ရာပြဿနာအတွက် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်တစ်ရပ် လိုအပ်ပါသည်။ တစ်နှစ်လျှင် အရေပြားကင်ဆာဖြစ်ပွားမှုနှစ်သန်းခန့်ကို ရှောင်လွှဲနိုင်ရန်နှင့် မျက်စိတိမ်စွဲရောဂါခံစားနေရသည့် လူပေါင်းများစွာကို ကယ်ဆယ်ရန် ကမ္ဘာ့နိုင်ငံများက မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို လိုက်နာဆောင်ရွက်နေကြခြင်းအားဖြင့် မည်သည့်အတားအဆီးကိုမဆို ကျော်လွှားနိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

HFC လျှော့ချရန် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့အနေဖြင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (UNFCCC)အရ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းများကို လျှော့ချရန် အခြားသော ကြိုးပမ်းအားထုတ်မှုများကို ပြီးပြည့်စုံစေနိုင်ပါသည်။ ဤအပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခါသမယတွင် ကျွန်ုပ်တို့အနေဖြင့် "မည်မျှ ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီးပြီလဲနှင့် ကျွန်ုပ်တို့၏ လေထုလွှာကိုကာကွယ်နိုင်ဖို့ ပိုမိုလုပ်ဆောင်ရမည့်တာဝန်" တွေကို စွဲမှတ်ထားကြပါစို့။ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ကမ္ဘာကြီး၊ ကျွန်ုပ်တို့၏အိမ်ကြီးကို ကာကွယ်နေစဉ်မှာပင် လူသားအားလုံးအတွက် ပိုမိုဘေးကင်းလုံခြုံသော၊ ကျန်းမာသန့်စွမ်းသောနှင့် ပိုမိုကြီးပွားတိုးတက်ပြီး ခံနိုင်ရည်ပြည့်ဝသော ကမ္ဘာကြီးကိုတည်ဆောက်နိုင်မည်ဖြစ်ပေသည်။

○ ဖက်ဒရယ်မှ

ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ဖြင့် ပိုင်းခြားခွဲဝေကျင့်သုံးရာတွင် လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ရာတွင် မိမိတို့၏ဥပဒေပြုရေးကဏ္ဍသည် လွန်စွာမှပင်အရေးကြီးကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ထိန်းကျောင်းရမည်ဖြစ်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုး၊ မလျော်ဩဇာသုံးခြင်းမျိုးမပြုလုပ်မိစေရန်နှင့် အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြမှုများဖြင့် တည့်မတ်ပေးသွားမည်ပင် ဖြစ်ပါကြောင်း။

မိမိတို့၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ရာ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသည့် ဥပဒေပြုရေးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးရည်မျှော်မှန်းကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပယ်ဖျက်သင့်သည့် ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို ပွင့်လင်းမြင်သာစွာဖြင့် ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ရဲဝံ့ပြတ်သားစွာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက ပြဋ္ဌာန်းဥပဒေများကို လိုက်နာနိုင်မည်ဖြစ်ပြီး ဥပဒေ၏အကာအကွယ်ကို နိုင်ငံသားတိုင်း တန်းတူညီမျှရရှိစေနိုင်ကာ ဥပဒေအထက်တွင် မည်သူမျှ မရှိနိုင်မည်ဖြစ်ကြောင်း။

အနာဂတ်တွင် ပြည်သူများချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးမှာ ပြည်သူလူထုသည်သာ အဓိကအခရာဖြစ်၍ အားလုံးကိုယ်ကျိုးမဖက် အတူတကွ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း တည်းဟူသော ဒီမိုကရေစီအနှစ်သာရများကို နိုင်ငံသားတိုင်း တန်းတူညီမျှရရှိခံစားနိုင်စေရန် လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်သည့် မိမိတို့မြန်မာနိုင်ငံသားအားလုံးသည် တစ်ဦးကိုတစ်ဦး ယုံကြည်ချစ်ခင်စွာဖြင့် သမိုင်းမော်ကွန်းသစ်ကို အတူတကွ ပူးပေါင်းရေးထိုးကြရန် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို Ms. Janet Jackson က ဖတ်ကြားသည်။

ယင်းနောက် ကျောင်းသားလူငယ်များ၏ စာတမ်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကိုယ်စားပြုစာတမ်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏စာတမ်း၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏စာတမ်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏စာတမ်း၊ မွန်အမျိုးသားပါတီ၏စာတမ်း၊ 'ဝ' ဒီမိုကရက်တစ်ပါတီ၏စာတမ်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏စာတမ်း၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စာတမ်း၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၏စာတမ်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ စာတမ်း၊ တအာင်း(ပလောင်)အမျိုးသားပါတီ၏စာတမ်း၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်း၊ ရခိုင်အမျိုးသားပါတီ၏ စာတမ်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ စာတမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စာတမ်းများကို ဖတ်ကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီ၏အခြေခံမူမှာ "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်"ဆိုသည့်အချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အာဏာကို ပြည်သူလူထု၏ လက်ထဲ၌သာ အပ်နှင်းထားပြီး ယင်းအာဏာကို လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံကြရသည့် လူထုကိုယ်စားလှယ်များက သုံးစွဲသော ပြည်သူလူထု၏ အစိုးရဖြစ်ပါကြောင်း။

"အစိုးရသည် ပြည်သူလူထုကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းဖြစ်ပြီး ပြည်သူလူထုသည် အစိုးရကို အလုပ်အကျွေးပြုရန် တည်ရှိနေခြင်းမဟုတ်" ဟူသော သဘောတရားအပေါ်တွင် ဒီမိုကရေစီစနစ်သည် အခြေပြုနေကြောင်း၊ အုပ်ချုပ်သူအာဏာပိုင်များက တရားမျှတစွာ လုပ်ဆောင်နိုင်ပါမှလည်း ဒီမိုကရေစီကဖွံ့ဖြိုးရှင်သန်လာမည်ဖြစ်ကြောင်း။



Ms. Janet Jackson

ဒီမိုကရေစီကို ဘာကြောင့်မြတ်နိုးတန်ဖိုးထားကြသည်ကို စဉ်းစားကြည့်ပါက ဒီမိုကရေစီ၏ အကျိုးကျေးဇူးအချို့ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူလူထုကို အပေါ်တွင်ထားပြီး အစိုးရကိုအောက်တွင်ထားရပါကြောင်း၊ အာဏာရှင်နိုင်ငံများတွင် အစိုးရကို အပေါ်တွင်ထားပြီး ပြည်သူလူထုကို အောက်တွင်ထားကြပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှခြင်းတို့ရှိကြောင်း၊ အာဏာရှင်နိုင်ငံများတွင် အခွင့်အရေးများ မရှိကြကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြင့် ပြည်သူ့ထံမှ လုပ်ပိုင်ခွင့်အာဏာကိုရယူရပါကြောင်း၊ အာဏာရှင်နိုင်ငံများတွင် ရသည့်နည်းဖြင့် အာဏာကိုရယူပြီး လက်မလွှတ်ကြတော့ကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပါကြောင်း၊ အာဏာရှင်နိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ မရှိကြောင်း။

ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူလူထုက မျက်စိဖွင့်၊ နားစွင့်၊ ပါးစပ်ဖွင့်ခွင့်များရကြကြောင်း၊ အာဏာရှင်နိုင်ငံတွင် ပြည်သူလူထုက မျက်စိမှိတ်၊ နားပိတ်၊ နှုတ်ဆိတ်နေကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အားလုံးသည် ဒီမိုကရေစီ အပင်ပေါက်လေးကို သင်းသတ်မခံရအောင် မျက်ခြည်မပြတ်ဂရုစိုက်ကြရန်လိုကြောင်း၊ ဒီမိုကရေစီကို တစ်နည်းနည်းဖြင့် တိုက်ဖျက်နေသည့် အန္တရာယ်ရန်စွယ်ကိုလည်း သတိပြု၍ ကာကွယ်ကြရန်လိုကြောင်း၊ ဒီမိုကရေစီကိုရန်လိုကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း သဘောထားကြီးခြင်း၊ သည်းခံခြင်းတို့ဖြင့် ဆက်ဆံကြရန်လိုကြောင်း၊ ဒီမိုကရေစီကို ကာကွယ်ရမည့် မိမိတို့ကိုယ်တိုင်ကလည်း အမှားကင်းအောင် အထူးကြိုးစားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒီမိုကရေစီမျိုးစေ့ကို အမြစ်တွယ်ရှင်သန်ဖွံ့ဖြိုးအောင် အားလုံးတက်ညီလက်ညီ ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား မြို့ရွှေမန်းသားဖိုးချစ် ဇာတ်အလှသဘင်အဖွဲ့သားများက "ငါသည်အောင်ဆန်း" ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**



## ပြည်သူလူထုမှ ၂၄ နာရီ သတင်းပေးဆက်သွယ်ခေါ်ဆိုနိုင်သည့် Hot-Line ဖုန်းနံပါတ် 199 အား မန္တလေး၌ စတင်လက်ခံ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ကွပ်ကဲမှုဗဟိုဌာန (မန္တလေး)တွင် ပြည်သူလူထုမှ ၂၄ နာရီသတင်းပေးဆက်သွယ်ခေါ်ဆိုနိုင်သည့် Hot-Line ဖုန်း 199 အား စက်တင်ဘာ ၁၄ ရက်မှ စတင်ကာ လက်ခံလျက်ရှိကြောင်း သိရသည်။

မန္တလေးခရိုင်အတွင်း ဆက်သွယ်ခေါ်ဆိုမည်ဆိုပါက ကြိုးဖုန်း၊ MPT၊ Ooredoo၊ Telenor၊ MEC ဖုန်းများမှ မည်သည့်ဖုန်းဖြင့်မဆို 199 သို့ တိုက်ရိုက်ဆက်သွယ်ခေါ်ဆိုနိုင်ပြီး တခြားတိုင်းဒေသကြီးနှင့် ခရိုင်များမှ ဆက်သွယ်ခေါ်ဆိုလိုပါက ၀၂-၂၇၁၉၉ သို့ ခေါ်ဆိုနိုင်ကြောင်း သိရသည်။

Hot- Line ဖုန်းနံပါတ် 199 အား ကွပ်ကဲမှုဗဟိုဌာန(မန္တလေး)တွင် ၂၄ နာရီအတွင်း ဖုန်းရှစ်လုံးဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလက်ခံပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် မှုခင်းကျဆင်းရေးနှင့်ဆိုင်သော သတင်းအချက်အလက်များ၊ ယာဉ်တိုက်မှုများနှင့် ပတ်သက်သော သတင်းများပေးပို့နိုင်ပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မှုခင်းကျဆင်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များအား ပြည်သူလူထုမှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး Facebook Page အား စက်တင်ဘာ ၁၅ ရက်တွင် စတင်ဖတ်ရှုနိုင်မည်ဖြစ်သည်။ အဆိုပါ Page မှ သတင်းများ ဖတ်ရှုလိုပါက Mandalay Police Facebook Page အား Like ပြုလုပ်ထားနိုင်ကြောင်း သိရသည်။ **(မောင်ဘို)**

# မြန်မာ၊ စည်းကမ်းနှင့် ကြိုတင်ကာကွယ်မှု

## ခင်နှင်းဦး

မြန်မာတွေရဲ့ အားနည်းချက်များထဲမှာ စည်းကမ်းမလိုက်နာတာနဲ့ လုပ်ငန်းဆောင်တာတွေမှာ ကြိုတင်ကာကွယ်မှု အားနည်းတာတွေ ရှေ့ဆုံးကပါဝင်ပါတယ်။ စည်းကမ်းပိုင်း အားနည်းတာကတော့ ငယ်စဉ်မူလတန်း ပညာသင်ကြားရတဲ့အချိန်မှာ ကျောင်းသားလူငယ်တွေကို ပြည်သူ့နီတိသင်ကြားမပေးတာက တစ်ကြောင်းဖြစ်ပါတယ်။ နောက်တစ်ကြောင်းက ဟိုတုန်းက မြန်မာနိုင်ငံဟာ သဘာဝဘေးဥပဒ်ကျရောက်မှု အလွန်နည်းပါးခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၈ နာဂစ်မုန်တိုင်းလာတော့မယ်လို့ အိန္ဒိယမိုးလေဝသဌာနက ထုတ်လွှင့်တာကို မြန်မာဘက်က အလေးမထားဘဲ ခါတိုင်းဖြစ်နေကျ မုန်တိုင်းတွေလိုပဲ အိန္ဒိယဘက်ဖြတ်သွားတာ၊ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်ဘက် ဖြတ်သွားမှာလို့ပဲ မြန်မာအစိုးရက ယုံကြည်ခဲ့ပါတယ်။ ဒါပေမယ့် နာဂစ်မုန်တိုင်းဝင်တော့ ကြိုတင်ပြင်ဆင်မှုမရှိတဲ့ အကျိုးက လူ့အသက်တွေ သိန်းချီသေဆုံးခဲ့ရတာဖြစ်ပါတယ်။

လှေစီးမယ့်ခရီးသည်များရော လှေသမားပါ အသက်ကယ်အင်္ကျီဝတ်ဆင်ထားရမယ်ဆိုတဲ့ စည်းကမ်းကို ရခိုင်ပြည်နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သင့်တာပါ။ မြန်မာအများစုက ကြိုတင်ကာကွယ်တာကို အလေးမထားကြပါဘူး။ တစ်ခါဖြစ်ပြီးပေမယ့် အလေးမထားဘူးဆိုတာ မဖြစ်သင့်တော့ပါဘူး။

နေ့စဉ်ရေကြောင်းခရီးကတစ်ဆင့် ကျောင်းတက်ရတဲ့ ကလေးငယ်တို့ရဲ့ မိဘတွေ နေ့စဉ် ရင်တမမစိတ်ပူရမယ့် အကြောင်းတွေကို တားဆီးပေးသင့်ပါပြီ။ အခုနစ်မြုပ်တဲ့ စက်လှေပေါ်က ကျောင်းသူလေးတွေ အသက်ကယ်အင်္ကျီဝတ်ထားမယ်ဆိုရင် ရေနစ်သေဆုံးရတဲ့အဖြစ်ကို ကြုံရမှာမဟုတ်ပါဘူး။ နောက်တစ်ချက်က လှေတွေ သင်္ဘောတွေပေါ်ကို သတ်မှတ်ထားတဲ့ လူအရေအတွက်၊ ကုန်တန်ချိန်ထက်ပိုတင်ကြတာပါ။

ကုန်သည်စိတ်နဲ့ အမြတ်များများရဖို့ ငွေများများရဖို့ကိုပဲ ဦးတည်ပြီးသတ်မှတ်တဲ့ စည်းကမ်းအတိုင်း လိုက်နာတဲ့ လှေသင်္ဘောမရှိသလောက်ပါပဲ။ ဒလ-ရန်ကုန်ကူးနေတဲ့ စက်လှေလေးတွေကတော့ လူ ၁၀ဦး ထက်ပိုမတင်ရဆိုတဲ့ စည်းကမ်းကိုလိုက်နာကြပါတယ်။ ဒါပေမယ့် အသက်ကယ်အင်္ကျီ ဝတ်ဆင်ရမယ်ဆိုတဲ့ စည်းကမ်းကို မလိုက်နာကြပါဘူး။

**မြန်မာနိုင်ငံမှာ နေ့စဉ် ယာဉ်တိုက်မှု၊ မှောက်မှုတွေနဲ့ မသေသင့်ဘဲ လူ့အသက်တွေ သေနေကြတာက မြန်မာတွေရဲ့ စည်းကမ်းလိုက်နာမှုအားနည်းတာ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း တိတိကျကျ၊ ကိုင်တွယ်စစ်ဆေးမှုအားနည်းတာ၊ ကြိုတင်ကာကွယ်မှုအားနည်းတာတွေကြောင့် ဖြစ်ပါတယ်။**

နာဂစ်ဝင်ပြီး ၂၀၀၈ နောက်ပိုင်း မြန်မာနိုင်ငံဟာ သဘာဝဘေးတွေကို ဆက်တိုက်လိုလို ရင်ဆိုင်လာရပါတယ်။ မြစ်တွေရဲ့ ရေစီးရေလာတွေလည်း ပြောင်းလဲလာပါတယ်။ ရခိုင်ဒေသဟာ နေရာအနှံ့ မြစ်ချောင်းအင်းအိုင်တွေရှိနေပြီး ရှေးကစလို့ အခုထိတိုင် ရခိုင်လူထုနေ့စဉ်သွားလာဆက်သွယ်ရာမှာ အဓိကရေကြောင်းကို အားပြုရပါတယ်။ ရခိုင်လူမျိုးတွေက မြစ်ချောင်းအင်းအိုင်တွေနဲ့ လက်ပွန်းတတီးနေထိုင်ကြီးပြင်းခဲ့ရသူတွေသာ ဖြစ်ပါတယ်။ ကလေးကအစ ရေကူးတတ်ကြပါတယ်။ ရွာငယ်လေးတွေအတွက် လှေဟာနေ့စဉ်သုံး သွားလာရေးယာဉ်တစ်မျိုးဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသက သင်္ဘောတွေ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆန်နေတဲ့လှေ၊ သင်္ဘောတွေ အပါအဝင် ရခိုင်ဒေသကလှေသင်္ဘောတွေပါ အားလုံးချိုးဖောက်ကြတဲ့ စည်းကမ်းက ဝန်နဲ့အားမမျှအောင် တင်ဆောင်ကြတာပါ။

ရေကြောင်းမှာသွားလာနေတဲ့ ရေယာဉ်တွေ နစ်မြုပ်မှုတွေကိုလေ့လာကြည့်ရင် တင်ရမယ့် လူနဲ့ ကုန်ပစ္စည်းနှစ်ရပ်ပေါင်းအလေးချိန်ထက် အများကြီးပိုတင်တဲ့အတွက် နစ်မြုပ်ခဲ့မှုတွေကို တွေ့နိုင်ပါတယ်။ ရခိုင်မှာ မနှစ်ကလည်း စက်လှေမြုပ်လို့ ကျောင်းသားလေးတွေ သေဆုံးခဲ့ကြပါတယ်။ ဩဂုတ် ၁၉ရက်မှာ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ကျေးရွာတစ်ရွာက ကျောင်းသားတွေ တင်ဆောင်လာတဲ့ စက်လှေမှောက်လို့ ကျောင်းသူလေးဦးပျောက်ဆုံးနေကြောင်း သတင်းတွေတက်လာပါတယ်။

စက်လှေတစ်စင်းမှာ တင်ဆောင်ခွင့် ၁၀ဦးဖြစ်ပေမယ့် အခုနစ်မြုပ်ခဲ့တဲ့ စက်လှေကလူ ၁၇ ယောက်တင်ထားတယ်လို့ဆိုပါတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံက အများသုံးကား၊ ရထားနဲ့ ရေယာဉ်စတဲ့ သယ်ယူပို့ဆောင်ရေးယာဉ်တွေရဲ့ ကြံ့ခိုင်ရေးကို ပိုင်ရှင်ကလည်း သေသေချာချာမစစ်ဆေး၊ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းတွေကလည်း ကြပ်မတ်စစ်ဆေးမှု အားနည်းတာဖြစ်ပါတယ်။

ရခိုင်ဒေသမှာ မနှစ်ကလည်း ကျောင်းသားငယ်လေးတွေ လှေနစ်မြုပ်သေဆုံးခဲ့ပါတယ်။ ရခိုင်မှာတစ်နေရာကနေ တစ်နေရာသွားလာရေးအတွက် အဓိကသုံးရတာကလှေ၊ ဒါမှမဟုတ် စက်လှေဖြစ်ပါတယ်။ ဒါကြောင့် ပထမတစ်ခါ ကျောင်းသားငယ်လေးတွေ အသက်ဆုံးရှုံးပြီးကတည်းက မတင်ရဆိုတဲ့ စည်းကမ်းကိုလိုက်နာကြပါတယ်။ ဒါပေမယ့် အသက်ကယ်အင်္ကျီ ဝတ်ဆင်ရမယ်ဆိုတဲ့ စည်းကမ်းကို မလိုက်နာကြပါဘူး။

နေ့စဉ်သေဆုံးနေတဲ့ ယာဉ်တိုက်မှုတွေထဲမှာ မော်တော်ဆိုင်ကယ်တိုက်မှု၊ မှောက်မှုကရှေ့ဆုံးကပါပါတယ်။ မော်တော်ဆိုင်ကယ်ကို ဦးထုပ်မဆောင်းဘဲ စီးကြတယ်။ အသက် ရှစ်နှစ်အောက် ကလေးငယ်တွေကို ဆိုင်ကယ်ပေါ် တင်မစီးရဆိုတဲ့ နိုင်ငံတကာလိုက်နာတဲ့ မော်တော်ဆိုင်ကယ်စီးသူများလိုက်နာရမယ့် အချက်တွေကို မလိုက်နာကြပါဘူး။ ကလေးငယ်လေးတွေကို မော်တော်ဆိုင်ကယ်ပေါ် တင်စီးကြပါတယ်။ ဆိုင်ကယ်နောက်မှာ တစ်ဦးထက် ပိုမထိုင်လိုက်ရပေမယ့် ရန်ကုန်ဆင်ခြေဖုံးတွေမှာ၊ နယ်တွေမှာ ဆိုင်ကယ်ကယ်ရီတွေက နောက်ဘက်ထိုင်ခုံပေါ် ခရီးသည် နှစ်ယောက်တင်ပြီး မောင်းကြပါတယ်။ ဖြစ်လိုက်ပြီဆိုရင် မော်တော်ဆိုင်ကယ်စီးလာသူတွေ သေဆုံးကြတာများရတဲ့ အကြောင်းက အဲဒီလိုစည်းကမ်းမဲ့စီးကြတာကြောင့် ဖြစ်ပါတယ်။

ယာဉ်မောင်းသူတွေဘက်က စည်းကမ်းလိုက်နာမှု အားနည်းသလို စည်းကမ်းကို ကြပ်မတ်ပေးရသူတွေဘက်ကလည်း အားနည်းကြပါတယ်။ ရေယာဉ်တွေကို စစ်ဆေးတဲ့ အဖွဲ့တွေရှိပေမယ့် ပုံမှန်စစ်ဆေးခြင်းမရှိပါဘူး။ တချို့ ရေယာဉ်တွေဆို အလွန်အိုဟောင်းနေပေမယ့် ပြေးဆွဲနေကြတုန်းပါပဲ။ ကြံ့ခိုင်မှုအလွန်အားနည်းရုံသာမက ဟောင်းနွမ်းညစ်ပတ်နေတဲ့ သင်္ဘောတွေ ပြေးဆွဲဆဲဖြစ်ကြောင်း ဝေးဝေးလံလံတောင် ကြည့်စရာမလိုပါဘူး။ နေ့စဉ် ရန်ကုန်နဲ့ ဆိပ်ကြီးခနောင်တို ခရီးစဉ်ကို ပြေးဆွဲနေတဲ့ ရေယာဉ်တွေကို ဒီကနေ့တွေ့နိုင်ပါတယ်။

မြန်မာနိုင်ငံမှာနေ့စဉ် ယာဉ်တိုက်မှု၊ မှောက်မှုတွေနဲ့ မသေသင့်ဘဲ လူ့အသက်တွေ သေနေကြတာက မြန်မာတွေရဲ့ စည်းကမ်းလိုက်နာမှုအားနည်းတာ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း တိတိကျကျ၊ ကိုင်တွယ်စစ်ဆေးမှုအားနည်းတာ၊ ကြိုတင်ကာကွယ်မှုအားနည်းတာတွေကြောင့်ဖြစ်ပါတယ်။ ဒီအချက်တွေကို လိုက်နာကျင့်ကြံကြမယ်ဆိုရင် ဩဂုတ် ၁၉ရက်က ရသေ့တောင်မြို့နယ်မှာ ဖြစ်တဲ့ စက်လှေနစ်မြုပ်မှုကြောင့် အဖိုးတန်တဲ့ ကျောင်းသူလေးတွေ အသက်သေရတာမျိုးကို ရှောင်ရှားနိုင်ကြမှာဖြစ်ပါတယ်။ ။

■




# ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ YIN QIAO GROUP မှ ဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chong Qing မြို့တော်အခြေစိုက် YIN QIAO GROUP မှ ဥက္ကဋ္ဌ Mr. ZHAO YIN CHUN အဖွဲ့အား ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် YIN QIAO GROUP အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်စုံရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များ၊ နိုင်ငံတကာအဆင့်မီ အမြန်ချောပို့စာတိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးမည့် အစီအစဉ်များနှင့် စာတိုက်ဘဏ်အကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# ကျေးလက်ရေပေးရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ညောင်ဦး စက်တင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာဒုတိယပတ်က ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဧရာဝတီမြစ်ရေတင် စနစ်ဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး၊ ရေယိုဖိတ်မှုမရှိစေရေးနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရည်ရွယ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဦးကျော်မင်းနောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှနှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရန် ဆောင်ရွက်ထားရှိသည့် စက်စက်ယိုရေစက်ရုံ၊ အင်တိုင်းရေစက်ရုံ၊ လက်ပံတဲရေစက်ရုံ၊ အောင်သာရေစက်ရုံ၊ ကန်တိန်ရေစက်ရုံ၊ တောင်တောရေစက်ရုံများမှ တာဝန်ခံများနှင့် ကျေးရွာများမှ ရေကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်က ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ကျေးလက်ရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် စက်စက်ယိုကျေးရွာရေစက်ရုံမှ ရေဖြန့်ဝေပေးမှုအခြေအနေများနှင့် စပ်လျဉ်းပြီး ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေပြတ်လပ်မှု မရှိစေရေး၊ ရေပိုက်လိုင်းများသွယ်တန်းရာတွင် ရေယိုဖိတ်မှု မရှိစေရေးနှင့် သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ရေစက်ရုံများမှ တာဝန်ခံများအနေဖြင့် လုပ်ငန်းများ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် ဧရာဝတီမြစ်ရေအား ကျေးရွာများသို့ ဖြန့်ဝေပေးရာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အလှည့်ကျစနစ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးသွားရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှက ခရိုင်ဦးစီးမှူး၏ ရှင်းလင်းဆွေးနွေးပြောကြားမှုအပေါ် ဖြည့်စွက်ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် ဧရာဝတီမြစ်ရေတင်စနစ်ဖြင့် ရေဖြန့်ဝေသုံးစွဲရရှိသည့်ကျေးရွာများမှ ရေကော်မတီဝင်များကိုယ်စား မျက်ခါးတောကျေးရွာမှ ရေကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျေးလက်လူထုဗဟိုပြုစီမံကိန်း တတိယနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

ကျေးလက်လူထုအခြေပြုစီမံကိန်း တတိယနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ကမ္ဘာ့ဘဏ်၏ နည်းပညာပူးပေါင်းမှုဖြင့် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း စင်တာ(၂) MICC-II တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရေးရာ ကော်မတီများမှ ကိုယ်စားလှယ်များ၊ သံရုံးများမှ တာဝန်ရှိသူများ၊ NGO များမှ အရပ်ဘက်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများအပါအဝင် စီမံကိန်း နှင့် သက်ဆိုင်သူ ၇၀၀ ခန့် တက်ရောက်ကြ သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ ၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင် တန်းနိုင်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း ဆောင်ရွက်ရန်လိုပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး အတွက် အဓိကကျသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းဖြင့် ဖော်ဆောင်ရန် ဒေသအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသတွင်းဖွံ့ဖြိုးရေး ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများ၊ NGO၊ လူထုအခြေပြုအဖွဲ့အစည်းများအား သတ်မှတ်ညွှန်းကိန်းများအပေါ် အခြေခံ၍ အများသဘောတူညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းစတင်စဉ်က ၁၅ မြို့နယ်သာဆောင်ရွက် ခဲ့ပြီး တတိယနှစ်အတွင်း အောင်မြင်မှုများ ရရှိလာ ပြီး ရန်ပုံငွေများ တိုးပွားလာသဖြင့် မြို့နယ်(၆၃) မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်တော့မည်ဖြစ် ကြောင်း ပြောကြားသည်။

တတိယနှစ်အတွင်း မြို့နယ် (၂၇)မြို့နယ်မှ ကျေးရွာပေါင်း ၅၆၄၅ ရွာတွင် စီမံကိန်းလုပ်ငန်းခွဲ ပေါင်း(၆၆၀၉)ခုကို ငွေကျပ် ၄၆ ဒသမ ၉၈ ဘီလီယံ ဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးလက်နေ ပြည်သူ ၃ ဒသမ ၁၈ သန်း၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ကျေးရွာများဖွံ့ဖြိုးမှ မြို့နယ်များဖွံ့ဖြိုးလာမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုး လာမည်ဖြစ်၍ ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ကျေးရွာတာဝန်ရှိသူများက စတုတ္ထနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက်လည်း အကြံပြုချက် များကို လေးလေးနက်နက်စဉ်းစားပြီး ညီညီ ညွတ်ညွတ်ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး က တိုက်တွန်းမှာကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Country Manager Mr. Abdoulaye Seck က စီမံကိန်းအတွက် သုံးသပ်ဆွေးနွေးခြင်းမှာ စီမံကိန်း စဉ်ဆက်မပြတ်လေ့လာနိုင်နေဖို့ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်ပြီး အကြံပြုဆွေးနွေးမှုများကို ကျေးဇူးတင်ကြောင်း၊ ဆောင်ရွက်ခဲ့ပြီးသည့် စီမံကိန်း များ၏ ၉၀ ရာခိုင်နှုန်းကျော်၏ လုပ်ငန်းခွဲများကို အကဲဖြတ်ရာတွင် အလွန်စိတ်ကျေနပ်မိပါကြောင်း၊ စိန်ခေါ်မှုများရှိနေသဖြင့် စဉ်ဆက်မပြတ် လေ့လာ ကာ ကျေးလက်နေ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်လို့ မျှော်လင့် ကြောင်း ပြောကြားသည်။

ထို့နောက် လူထုအခြေပြုစီမံကိန်းအကြောင်း ရိုက်ကူးထားသည့် ဗီဒီယိုပြသပြီး တတိယနှစ် စီမံကိန်းစက်ဝန်းမှ ကျေးရွာလူထု၏ အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်(၁၈) မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများအား ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် ကမ္ဘာ့ဘဏ်(မြန်မာ)မန်နေဂျာတို့က ဆု ၃၆ ဆု ချီးမြှင့်ရာ ကျေးရွာလူထုစီမံကိန်း တာဝန်ရှိသူ များက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူထု စီမံကိန်းဆောက်ရွက်နေသည့် လုပ်ငန်းများ၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းလုပ်ငန်းခွဲများ ကောင်းမွန်စွာဆောင်ရွက်ခဲ့မှုကြောင့် တိုးတက် လာမှုများ၊ နည်းပညာစစ်ဆေးခြင်းနှင့် လူထု၏ စစ်ဆေးခံယူခြင်း အခြေအနေအကျဉ်းကို ကျေးလက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှခိုင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ Asia Foundation မှ Country Director Dr. Kim Ninh နှင့် ကမ္ဘာ့ဘဏ်မှ Senior Social Development Specialist Mr. Nikolas Myint တို့က လူထုဗဟိုပြုစီမံကိန်းများသည် ကျေးလက် လူထုအား ဒီမိုကရေစီနည်းလမ်းများကိုအသုံးပြု တတ်စေကြောင်း သုံးသပ်ဆွေးနွေးကြပြီး တက်ရောက်သူများ၏ သိရှိလိုသော မေးခွန်း များကို ပြန်လည်ဖြေကြားသည်။ အဖွဲ့လိုက် စားပွဲဝိုင်းဆွေးနွေးပြီး ရလဒ်များအပေါ် အခြေပြု၍ ပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် သတင်း မီဒီယာများအား ရှင်းလင်းသည်။ ကျေးလက်လူထု အခြေပြုဖွံ့ဖြိုးရေးစီမံကိန်းများသည် ကျေးလက် စေတနာရှင် လုပ်အားပေးများပါဝင် ဆောင်ရွက် နေရသဖြင့် စာရင်းအင်းသဘောတရားများကို သိရှိနားလည်စေရန် စက်တင်ဘာ ၁၆ ရက် နံနက် ပိုင်းတွင် "စာရင်းအင်းဖိုရမ်" ခေါင်းစဉ်ဖြင့် မြို့နယ် စာရင်းစစ်များက ဆက်လက်ပညာပေးဆွေးနွေး မည်။

ကျေးလက်လူထုအခြေပြုစီမံကိန်းသည် ကမ္ဘာ့ ဘဏ်ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာသန်း ၈၀ နှင့် အတိုးမဲ့ချေးငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀၊ အီတလီနိုင်ငံမှ Soft loan ယူရိုသန်း ၂၀ တို့မှ စီမံကိန်းများပေါ်မူတည်ပြီး ခြောက်လ တစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် ထုတ်ယူဆောင်ရွက် နေသည့်အပြင် အခြားရန်ပုံငွေများဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးဖွံ့ဖြိုးအောင် ဆောင်ရွက် သွားမည်ဟု သိရသည်။

**(သတင်းစဉ်)**

**✱ မြန်မာမှ**

မန္တလေးမြို့ ဂျက်ဖာဆင်စင်တာတွင် စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိလည်းကောင်း၊ ရန်ကုန်မြို့ အမေရိကန်စင်တာ၊ ကောင့်ဘေစီခန်းမတွင် အောက်တိုဘာ ၃ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိလည်းကောင်း မြန်မာလူငယ်ခေါင်းဆောင်မှုဆိုင်ရာပညာသင် ဆု (MYLP)နှင့်ပတ်သက်၍ ရှင်းလင်းသွားမည်ဖြစ်သည်။

လိုအပ်ချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိနှင့် လျှောက်လွှာအတွက် ညွှန်ကြားချက်များနှင့်ပတ်သက်သော သတင်းအချက်အလက်များ သိရှိနိုင်ရန်အတွက် သံရုံး၏အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဆိုပါသံရုံး၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။ **(ရဲခေါင်ညွှန့်)**



**Mr.Harmensyah**
**ဒုတိယဝန်ကြီး အင်ဒိုနီးရှားနိုင်ငံ**



**Mr.Peter Batchelor**
**Country Director, UNDP**

**☆ ပြည်သူများမှ**

အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးသည့်အပိုင်းတွင် လည်း ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

**ထင်ရှားသော ပြန်လည်ထူထောင်ရေး**

အာဆီယံဒေသတွင်း ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ဆူနာမီပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ နာဂစ် ဆိုင်ကလုန်းမုန်တိုင်း ပြန်လည်ထူထောင်ရေး၊ ၂၀၁၀ ထိုင်းနိုင်ငံရေဘေး ပြန်လည်ထူထောင်ရေး၊ ၂၀၁၃ ဖိလစ်ပိုင်နိုင်ငံ ဟိုင်ရမ်းတိုင်ဖွန်း ပြန်လည် ထူထောင်ရေးစသည့် ထင်ရှားသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**စုစုစည်းစည်း ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံအတွင်းဆောင်ရွက်နေသည့် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပြီး သဘာဝဘေး လျော့ပါးရေးဆိုင်ရာလုပ်ငန်းများအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ အဆိုပါကော်မတီတွင် လုပ်ငန်းကော်မတီ (၁၂)ခု ပါဝင် ဖွဲ့စည်းထားပြီး သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး အစရှိသည့် လုပ်ငန်းတာဝန်များ သီးခြားသတ်မှတ်ပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မကြာ သေးမီက လက်မှတ်ရေးထိုးအတည်ပြုထားသည့် "တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှု ကြေညာစာတမ်း" ပါ ရည်မှန်းချက်များကို အသက် သွင်းပေးနိုင်ရန် မိမိတို့၏ သဘာဝဘေးကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးလုပ်ငန်းများကို ပိုမိုစုစုစည်းစည်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ Deputy Minister for Rehabilitation and Reconstruction,BNPB-National Disaster Management Agency မှ Mr.Harmensyah နှင့် UNDP မှ Country Director, Mr.Peter Batchelor တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်း ရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် AHA Centre မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အငှမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

အငှမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)တွင် ယနေ့နံနက် ၈ နာရီမှစတင်၍ ကျင်းပခဲ့သည်။

အမျိုးသား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း တို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက (၂၅-၁၇) မှတ်၊ (၂၅-၁၃)မှတ်၊ (၂၅-၉) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့်လည်း ကောင်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းနှင့် ဗဟိုဘဏ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗဟိုဘဏ်အသင်းက (၂၅-၉)မှတ်၊ (၂၅-၁၉)မှတ်၊ (၂၅-၁၅) မှတ်ရရှိ ကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက (၂၅-၁၂)မှတ်၊ (၂၅-၇)မှတ်၊ (၂၅-၉) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအသင်း နှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းမှ (၂၅-၁၂)မှတ်၊ (၂၅-၁၃)မှတ်၊ (၂၅- ၁၄) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိ ကာ ဆီမီးဖိုင်နယ်သို့ တက်ရောက် သွားသည်။



အမျိုးသမီး ကွာတားဖိုင်နယ်ပွဲစဉ် များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက (၂၅-၄)မှတ်၊ (၂၅-၅)မှတ်၊ (၂၅-၈) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်း ကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက (၂၅-၃)မှတ်၊ (၂၅-၂)မှတ်၊ (၂၅-၂) မှတ်ရရှိကာ သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဆီမီးဖိုင်နယ် သို့ တက်ရောက်သွားကြောင်း သိရ သည်။ **(မောင်မောင်ဇော်)**

**○ အာဆီယံမှ**

တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ရရှိထားပြီး လာအိုအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရရှိသေးပေ။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရပြီး ဩစတြေးလျကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ လာအိုအသင်းမှာမူ လက်ရှိချိန်ပီယံ ထိုင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို သုံးဂိုးပြတ်အနိုင်ရရှိထားသည်။

မြန်မာအသင်းသည် ဩစတြေးလျကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဆီမီး ဖိုင်နယ်တက်ရောက်ရန် လက်ကျန်သုံးပွဲတွင် အမှားပြုလုပ်၍ မရတော့ပေ။ မြန်မာအသင်းသည် ယနေ့ကစားမည့် လာအိုအသင်းနှင့် အပါအဝင် ကမ္ဘော ဒီးယား၊ ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လာအို၊ ကမ္ဘောဒီးယား တို့နှင့်ပွဲများတွင် ရလဒ်ကောင်းမှသာ ထိုင်းအသင်းနှင့် နောက်ဆုံးပွဲမှာ အရေး ပါလာမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ကစားပြီးသည့်နှစ်ပွဲတွင် ခံစစ်ပိုင်းအားနည်း ချက်များရှိခဲ့ပြီး ပေးထားရသည့် ငါးဂိုးစလုံး ခံစစ်နှင့် ဂိုးသမားအမှားမကင်းပေ။ မြန်မာအသင်းအနေဖြင့် အားနည်းချက်၊ လိုအပ်ချက်များကို ပြင်ဆင်ပြီး နိုင်ပွဲ ရရှိအောင် စွမ်းဆောင်ရမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မိုင်းရှင်းလင်းရေးရှေ့ပြေးစီမံချက်ဧရိယာအဖြစ် ကရင်ပြည်နယ်တွင်စတင်ဆောင်ရွက်ရန်တပ်မတော်ဘက်မှ အဆိုပြု

**ရန်ကုန် စက်တင်ဘာ ၁၅**

မိုင်းရှင်းလင်းရေးရှေ့ပြေးစီမံချက်ဧရိယာ၊ ရှေ့ပြေးလုပ်ဆောင်မည့် နေရာတစ်ခုအဖြစ် ကရင်ပြည်နယ်အားသတ်မှတ်၍ စတင်ဆောင်ရွက်ရန် တပ်မတော်ဘက်က အဆိုပြုခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်က နိုဝင်ဘာလတွင် ပြုလုပ်မည့် အဌမအကြိမ် JMC-U အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးမည်ဟု အတည်ပြုခဲ့ကြောင်း ယနေ့ပြုလုပ်သည့် JMC-U အစည်းအဝေးမှ သိရသည်။

စက်တင်ဘာ ၁၃ရက်မှ စတင်၍ သုံးရက်ကြာ ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် တတိယနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးခွဲတွင် ကျင်းပခဲ့သည်။ ယနေ့အစည်းအဝေးတွင် မိုင်းရှင်းလင်းရေး (Demining) ကိစ္စအား ဆွေးနွေးခြင်းနှင့် အထွေထွေ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

"မိုင်းရှင်းလင်းရေးအတွက်က Pilot ဧရိယာ ရှေ့ပြေးလုပ်ဆောင်မယ့် နေရာတစ်ခု သတ်မှတ်ပြီးမှသာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဘက်က ပြန်ဆွေးနွေးပါမယ်။ ရှေ့ပြေးလုပ်ဆောင်မယ့် နေရာတစ်ခု သတ်မှတ်ပြီး စတင်ဆောင်ရွက်ဖို့ ကျွန်တော်တို့က အဆိုပြုပါတယ်။ဒါကို သူတို့က သဘောတူတယ်။ ရှေ့လာမယ့် JMC-U အစည်းအဝေးမှာ ပြန်ပြီးတော့ ဆွေးနွေးဖို့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က အတည်ပြုပါတယ်။ ရှေ့ပြေးလုပ်ဆောင်မယ့် ဧရိယာတစ်ခု သတ်မှတ်အတည်ပြုပြီးပြီဆိုရင်တော့ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေ ပူးပေါင်းပြီး ရှင်းလင်းသွားမှာဖြစ်ပါတယ်"ဟု JMC-U ၏ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပြောသည်။



မိုင်းရှင်းလင်းရာတွင် ပြည်ပမှ နည်းပညာနှင့် အထောက်အကူသာယူ၍ မိုင်းရှင်းလင်းရေး လုပ်ဆောင်ရာတွင် တပ်မတော်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကသာ ပူးပေါင်းပြီးရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

JMC-U ၏ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးက "မိုင်းရှင်းလင်းရေးကိစ္စက နှစ်ဖက်ယုံကြည်မှုမြင့်လာတဲ့အချိန်မှာ လုပ်ရမှာပါ။ မိုင်းရှင်းလင်းရေးကိစ္စကို လူမျိုးစုအဖွဲ့အစည်းတွေမှာလည်း လုပ်ထားတာရှိတယ်။ ကြိုတင်ပြင်ဆင်ထားတာ ရှိတော့အစိုးရဘက်ကလည်း အတူတူတွဲပြီး လုပ်မယ်ဆို အခက်အခဲသိပ်မရှိပါဘူး။ အချိန်ကာလက အတိအကျပြောလို့မရဘူး။ ဘယ်နေရာမှာ စလုပ်မယ်၊ ရှင်းလင်းမယ် ဆိုတာကနေ အဆင့်ဆင့်သွားရမှာပါ။ အောက်ခြေမှာ သူ့ပုံစံနဲ့သူရှင်းနေတာရှိတယ်။ အခုလောလောဆယ်တော့ စစ်ဘေးရှောင်(IDPs) တွေ ပြန်ဝင်လာမယ့် နေရာတွေမှာ ပထမဦးစားပေး ရှင်းရမှာပါ။ မိုင်းရှင်းလင်းဖို့ အခက်အခဲတော့ မရှိပါဘူး"ဟု ပြောသည်။

JMC-U ၏ သတ္တမအကြိမ်မြောက် အစည်းအဝေး ရလဒ်များအဖြစ် အောက်တိုဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး(တောင်ငူ)တွင် JMC-S ဖွဲ့ရန်၊ နိုဝင်ဘာလ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များ ထပ်မံချမှတ်၍ ချင်းပြည်နယ်(ဟားခါး)တွင် JMC-S ဖွဲ့ရန်၊ နယ်မြေပိုင်းခြားသတ်မှတ်မှုများနှင့် ပတ်သက်၍ တပ်မတော်ဘက်မှ တပ်မှူးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဘက်မှ တပ်မှူးများ ကော်မတီဖွဲ့၍ ဆွေးနွေးရန်၊ NCA လက်မှတ်ရေးထိုးထားသည့် နေရာများတွင် ချိုးဖောက်မှုများ ရှိလာပါက စိစစ်အတည်ပြုရေးအဖွဲ့ (Verification Team)ကသွားရောက်၍ စစ်ဆေးတာဝန်ယူဆောင်ရွက်ရန်၊ မိုင်းရှင်းလင်းရေးကိစ္စများအတွက် Pilot Project ထားကာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပူးပေါင်းရှင်းလင်းရန်နှင့် ဘတ်ဂျက်ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် JMC-U အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး၊ အတွင်းရေးမှူးတို့၏ လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းတာဝန်များအား အတည်ပြုနိုင်ခဲ့သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ အဌမအကြိမ် အစည်းအဝေးကို နိုဝင်ဘာတတိယပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့်ရောင်းချမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

အစိုးရငွေတိုက်စာချုပ်များ (Government Treasury Bonds) များကို စက်တင်ဘာ ၂၀ ရက်မှစ၍ လစဉ် တတိယမြောက်ရက်သတ္တပတ်၏ အင်္ဂါနေ့တိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) ၌ လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်သည်။

လေလံပွဲကျင်းပမည့်နေ့ရက်၊ လေလံခေါ်ယူသည့်ပမာဏနှင့် ငွေတိုက်စာချုပ်များ၏ သက်တမ်းစေ့ရောက်မည့်နေ့ရက်၊ အတိုးနှုန်းတို့ကို လေလံပွဲမတိုင်မီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ Website များတွင် ကြေညာမည်ဖြစ်သည်။ ဇန်နဝါရီ ၂၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ-၂(ဆ)နှင့် ပုဒ်မ-၅၂(ည) တို့အရ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ရရှိထားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် စာရင်းဖွင့်လှစ်ထားသည့် ဘဏ်အဖွဲ့အစည်းများသည် လေလံပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် မှတ်ပုံတင်ခွင့်ရှိသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလက စတင်ခဲ့သော အစိုးရငွေတိုက်လက်မှတ်များ (Government Treasury Bills) လေလံစနစ်ဖြင့် ရောင်းချခြင်းတွင် မှတ်ပုံတင်ပြီးသော အဖွဲ့အစည်းဖြစ်ပါက ထပ်မံမှတ်ပုံတင်ရန် မလိုပါ။ မှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းများသည် လေလံပွဲမတိုင်မီ ၁၀ ရက် ကြိုတင်၍ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။ တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံလိုပါက လောလောဆယ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Underwriter များအဖြစ် ခန့်အပ်ထားသော မြန်မာ့စီးပွားရေးဘဏ်-MEB နှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်-MSEC တို့မှတစ်ဆင့် လေလံဝင်ရောက်နိုင်သည်။ အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံစနစ်ဖြင့် ရောင်းချခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (နေပြည်တော်) တို့တွင် တောင်းခံရရှိနိုင်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲ ဖုန်း ၀၆၇-၄၁၀၁၇၀၊ ၀၆၇-၄၁၀၁၇၂ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် စာရင်းဌာန ဖုန်း ၀၆၇-၄၁၈၂၄၁၊ ၀၁-၈၆၀၅၀၉၇၊ ၀၁-၈၆၀၃၇၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**
**"မဟာဂီတ"**

၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ပန်းမှုန်ကြွယ် (ယိုးဒယား)
(ခ) ရွှေပန်းပန်အစချီလေးထွေသံကတ်နှင့်မြင်းခင်း
(ဂ) မင်းခမ်းတော်စုံ (သီချင်းခံ)
(ဃ) လွမ်းခလေ့ (ပတ်ပျိုး)
(င) ဘုန်းများများမင်း (ပတ်ပျိုး)
(စ) ခွာပြာသင်း (ပတ်ပျိုး)
(ဆ) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
(ဇ) သီတင်းကျွတ်လဘွဲ့ပဒေသာများ
(ဈ) နေတတ်ကယ်မှ ရာဇာလေ (တန်ခူးလဘွဲ့ အဲချင်း) (အစွမ်းပြသီဆိုရန်)
၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား ၊အမျိုးသမီး)
(က) ဒီပါမြေ (ပတ်ပျိုး)
(ခ) ရွှေဖီဇင်ဂေါ် (ပတ်ပျိုး)
(ဂ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဃ) စိန်ကြွယ်ညီးလင်း (မွန်)
(င) ပန်းမြိုင်လယ် (ယိုးဒယား)
၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သောင်းလုံးမြေချာ (မွန်)
(ခ) ခါနွေဆန်း (ယိုးဒယား)
(ဂ) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ဃ) မန်းတောင်လက်ယာ (ယိုးဒယား)
၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) အောင်မြေမြမန်း (ပတ်ပျိုး)
(ခ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(ဃ) ပန်းဟေဝန် (ယိုးဒယား)
၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သည်ဆောင်းဟေမာန် (ဘွဲ့)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) မော်ရုံဟေဝန် (ယိုးဒယား)
(ဃ) မြိုင်တန်းမှောင်ဝေ (ကရင်သြ)

**(ဆက်လက်ဖော်ပြပါမည်)**

# (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

(၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိသည်။

ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသားသက်ငယ် (၅၂)ကီလိုတန်းတွင် ဝင်းမိုးကျော် (တနင်္သာရီတိုင်းဒေသကြီး)က ရှိုင်းငယ် (ရှမ်းပြည်နယ်)ကိုလည်းကောင်း၊ ကောင်းမြတ်သူ (ရန်ကုန်တိုင်းဒေသကြီး)က သူရလင်း(မန္တလေးတိုင်းဒေသကြီး) ကိုလည်းကောင်း၊ အမျိုးသားသက်ငယ်(၅၄) ကီလိုတန်းတွင် ကောင်းထက်စံ (ကချင်ပြည်နယ်)က သန်းတိုးအောင် (စစ်ကိုင်းတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ဖုန်းပြည့်စုံဦး(မန္တလေးတိုင်းဒေသကြီး)က တင်စိုး(ကရင်ပြည်နယ်) ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးသက်ငယ် (၆၀)ကီလိုတန်းတွင် သီဂီအေး (တနင်္သာရီတိုင်းဒေသကြီး)က အေးအေးမြင့် (ဧရာဝတီတိုင်းဒေသကြီး) ကိုလည်းကောင်း၊ နော်ဥမ္မာစိုး (ပဲခူးတိုင်းဒေသကြီး)က အိရွှေစင်ဖြိုး (မွန်ပြည်နယ်)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား (၄၉)ကီလိုတန်းတွင် ဝေလင်းအောင် (ပဲခူးတိုင်းဒေသကြီး)က သိန်းဆွေ (စစ်ကိုင်းတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ဇော်မြင့်မိုး (ရန်ကုန်တိုင်းဒေသကြီး)က ဇော်မင်းဦး (ရခိုင်ပြည်နယ်)ကို လည်းကောင်း၊ အမျိုးသား (၅၂)ကီလိုတန်းတွင် ရှိုင်းလင်းအောင်(စစ်ကိုင်းတိုင်းဒေသကြီး)က ချစ်ရင်ထူး (ပဲခူးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ကျော်လှမောင်(ရှမ်းပြည်နယ်)က ချစ်အေး (မန္တလေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသား(၅၆)ကီလိုတန်းတွင် ကျော်ကိုကို (ရန်ကုန်တိုင်းဒေသကြီး)က အောင်တင်စိုး (တနင်္သာရီတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ထွန်းလူရွှေ(ပဲခူးတိုင်းဒေသကြီး)က သက်ထူးအောင် (မန္တလေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသား(၆၀) ကီလိုတန်းတွင် အောင်စိုးပိုင် (ရန်ကုန်တိုင်းဒေသကြီး)က အောင်မျိုးထက် (မန္တလေးတိုင်းဒေသကြီး)ကို လည်းကောင်း၊ အောင်အောင်(ပဲခူးတိုင်းဒေသကြီး)က ဗညားအောင် (စစ်ကိုင်းတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသား(၆၉)ကီလိုတန်းတွင် အောင်နိုင်ဝင်း (ရှမ်းပြည်နယ်)က နှင်းဝေ(ပဲခူးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ခုပ်စွန်းခိုင်(ချင်းပြည်နယ်)က ထူးကျော်ဇော (ကချင်ပြည်နယ်) ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **မောင်မောင်ဇော်**

# ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၅**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၁၆)ကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံကိုသာမက ကမ္ဘာကိုပါ စိန်ခေါ်နေပြီး မိမိတို့အနေဖြင့် မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက် ရင်ဆိုင်မည်ဆိုသည်မှာ အရေးကြီးကြောင်း၊ ကူညီစောင့်ရှောက်ခြင်း၊ ပံ့ပိုးကူညီခြင်းတို့သည် မြန်မာတို့၏ သဘာဝဖြစ်ရာ အန္တရာယ်များနှင့် ကြုံတွေ့လာပါက ပို၍ပင် ကူညီစောင့်ရှောက်လာကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်လိုလို ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ ကူညီစောင့်ရှောက်ခြင်း လုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် များစွာရှိသော်လည်း ကူညီစောင့်ရှောက်မည်ဆိုသည့် စိတ်ဖြင့် ဆောင်ရွက်ပါက လုပ်ငန်းများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကိုလည်း အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ဆက်လက်၍ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြုတင်ပြကြသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်အတွင်း သင်္ဘောတစ်စင်းသာ ပြေးဆွဲနိုင်ပြီး လေလံမျှော်သင်္ဘောများအဖြစ် ကမ်းထိုးထားရ

**မုံရွာ စက်တင်ဘာ ၁၅**

ချင်းတွင်းရေကြောင်းသင်္ဘောအများစုသည် စက်စွမ်းအားများ လျော့လာသလို အရည်အသွေးပိုင်းလည်းလျော့လာကာ ရက်ရှည်လများ ရပ်နားထားရသောကြောင့် ပျက်စီးမှုအဆင့်သို့ ရောက်ရှိနေသောကြောင့် လေလံဆွဲမည့်သူများကို မျှော်နေရသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ထဲ မိုင် ၄၀၀ ကျော် ခရီးအထိပြေးဆွဲခဲ့တဲ့ လူစီးကုန်တင်နဲ့စက်သုံးဆီတင်သင်္ဘော စုစုပေါင်း ၃၀ နီးပါးနဲ့ ၁၉၅၃ ခုနှစ်လောက်က စတင်ပြေးဆွဲခဲ့တာ ၂၀၁၀ ခုနှစ်လောက်အထိ ပြေးဆွဲလို့ကောင်းခဲ့ပါတယ်။ ၂၀၁၀ နောက်ပိုင်းမှာ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တဲ့စနစ်နဲ့နိုင်ငံတော်ထောက်ပံ့တာကိုမယူဘဲ အမြီးအခိုကင်းကင်းစနစ်နဲ့သွားတာ အောင်မြင်မှုမရလို့ အစိုးရရဲ့အထောက်အပံ့ကို ပြန်လည်တောင်းခံခဲ့တာ ၂၀၁၆ ခုနှစ် ဇွန် ၂၂ ရက်မှာ နိုင်ငံတော်က ဘတ်ဂျက်ပြန်လည်ချပေးခဲ့ပါတယ်။ အရင်အစင်း ၃၀ လောက်ရှိရာက လက်ရှိမှာစက်ရှိသင်္ဘော ၁၄ အစင်းနဲ့စက်မဲ့သင်္ဘောတစ်စင်းအနက် ချမ်းသာသင်္ဘောနဲ့ ချင်းတွင်းမြစ်ဖြတ်ဇက် ၁၀၈ ကိုပဲ အသုံးပြုနိုင်တော့တဲ့အခြေအနေမှာ ရှိပါတယ်။ ကျန်တဲ့သင်္ဘောတွေက ရေယာဉ်စွမ်းအားမရှိ အင်အားကလည်းမရှိတော့ဘဲ သွားလာမလှုပ်ရှားနိုင်တာဟာလည်း အချိန်ကြာပြီဖြစ်တဲ့အတွက် ကမ်းထိုးထားပြီး လေလံကိုမျှော်နေရပါပြီ"ဟု ဦးသန်းထွန်းက ပြောသည်။

ချင်းတွင်းမြစ်တစ်လျှောက်ပြေးဆွဲနေသော သင်္ဘောကြီးများသည် စတင်စဉ် ၁၉၅၃ ခုနှစ်က အင်္ဂလန်နိုင်ငံနှင့် ဂျပန်နိုင်ငံလုပ်သင်္ဘောများဖြစ်ကြပြီး သင်္ဘောကိုယ်ထည်ကြံ့ခိုင်ရေးကောင်းမွန်ကာ စက်ပိုင်းအရည်အသွေးကောင်းမွန်ပြီး သက်တမ်း နှစ်၅၀ ကျော်မှသာ အသုံးပြုမှုနည်းလာခြင်းကြောင့် အဘက်ဘက်မှကျဆင်းလာခဲ့ကြောင်း၊ လွန်ခဲ့သည့် အနှစ် ၂၀ကျော်က ထပ်မံတင်သွင်းဖြည့်တင်းဝယ်ယူခဲ့သော သင်္ဘောများသည် တရုတ်နိုင်ငံလုပ်များဖြစ်ပြီး ယခင်ရှိပြီး နှစ် ၅၀ ကျော်သက်တမ်းရှိ သင်္ဘောများထက် ပျက်စီးယိုယွင်းမှု ပိုကြီးမားသည်ကိုတွေ့ရကြောင်း သိရသည်။ ထိုသို့အဘက်ဘက်မှ ကျဆင်းနေသောချင်းတွင်းပြေးသင်္ဘောကြီးများ၏အဓိကဖြစ်သော ခရီးသည်များနှင့် ကုန်စည်များကို အစစအရာရာ သာလွန်ကာ ဝန်ဆောင်မှုကောင်းမွန်သော လူစီးအမြန်ရေယာဉ်အသင်းများနှင့် ကုန်တင်ရေယာဉ် အသင်းများက အရယူသွားနိုင်သည့်အပြင် ယခင်က လုံးဝမမျှော်လင့်ခဲ့သော ကုန်းလမ်းကြောင်းဖြစ်သည့် ကားလမ်းဆက်သွယ်ရေးသည် နှစ်အနည်းငယ်အတွင်း ကောင်းမွန်လာရာ သင်္ဘောခရီးစဉ်များ နာလန်မထူနိုင်အောင် အရှုံးပြသည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ချင်းတွင်းရေကြောင်းဌာနခွဲ စာရေးကြီး ဦးစိုးတင့်ထံမှ သိရသည်။

ချင်းတွင်းသင်္ဘောခရီးစဉ်ပြေးဆွဲမှုကောင်းစဉ်က ခရီးသည် ၄၀၀ ကျော်နှင့် ကုန်တန်ချိန် ၇၀ ခန့်တင်ခဲ့ရာမှ လက်ရှိမုံရွာနှင့် ကလေးဝ တစ်စင်းသာ တစ်ပတ်တစ်ကြိမ်ပြေးဆွဲနေသော ချမ်းသာသင်္ဘောတွင် ခရီးသည် ၇၀ ခန့်နှင့် ကုန်တန်ချိန်၅၀ ခန့်သာ တင်ဆောင်ပြေးဆွဲနိုင်သည့် အခြေအနေအထိရောက်ခဲ့ပြီး လက်ရှိတွင် ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်အသင်းရှစ်သင်းတွင် ရေယာဉ်အစင်းရေ၁၃၈စီးဖြင့်ပြေးဆွဲနေသလိုကုန်တင်ရေယာဉ်အသင်း၁၇သင်းမှရေယာဉ်၅၂၅စီးဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိရာ နေ့စဉ်ဝင်ငွေမှာ ကျပ် ၂၈၅သိန်းခန့်ရှိသောကြောင့်တစ်လလျှင် ကျပ် ၈၈၄ သန်းခန့်ဝင်ငွေရှိကြောင်း ချင်းတွင်းရေကြောင်းဌာနခွဲလက်ထောက်ရေကြောင်းဌာနမှူးထံမှ သိရသည်။

**မျိုးဝင်းထွန်း ( မုံရွာ)**

## ဗီယက်နမ်လေကြောင်းလိုင်းမှ စမတ်ဖုန်းများအားလုံး လေယာဉ်ပေါ်တွင် အသုံးမပြုရန်နှင့် အားမသွင်းရန် ညွှန်ကြားချက်ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၅**

ဗီယက်နမ် လေကြောင်းလိုင်း Vietjet မှ လေယာဉ်ခရီးစဉ်များ ဘေးကင်းလုံခြုံစေရေးအတွက် လေယာဉ်ပေါ်တွင် စမတ်ဖုန်းများအားလုံး အသုံးမပြုရန်နှင့် အားမသွင်းရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်လိုက်သည်။

ဗီယက်နမ်နိုင်ငံ လေကြောင်းညွှန်ကြားမှုဌာနမှ စက်တင်ဘာ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် ညွှန်ကြားချက်အရ Samsung Galaxy Note 7 အမျိုးအစားကို လေယာဉ်ပေါ်သို့ သယ်ဆောင်ခွင့်မပြုရန် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းအပြင် ထပ်မံ၍ ညွှန်ကြားချက် မထွက်မချင်း Vietjet မှ မည်သည့်ဖုန်းအမျိုးအစားကိုမဆို လေယာဉ်ပေါ်တွင် အသုံးပြုခြင်းမပြုရန်နှင့် အားမသွင်းရန် ညွှန်ကြားထားမည်ဟု အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

စမတ်ဖုန်းများ အားသွင်းထားစဉ် ပေါက်ကွဲ၍ မီးလောင်ခြင်း အဖြစ်အပျက်များ တွေ့ရှိနေရသည့်အတွက် ဗီယက်နမ်နိုင်ငံလေကြောင်း ညွှန်ကြားမှုဌာနမှ ယင်းသို့ထုတ်ပြန်ချက် ထုတ်ပြန်ထားခြင်းဖြစ်သည်။ အဆိုပါလေကြောင်းလိုင်းကဲ့သို့ပင် အခြားသော လေကြောင်းလိုင်းများကလည်း လေယာဉ်ပေါ်တွင် စမတ်ဖုန်းများ အသုံးပြုခြင်းဆိုင်ရာများကိုလည်း ထုတ်ပြန်မှုများရှိလာကြောင်း သိရသည်။

**(ဝဝ၁)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | ဗိုလ်မှူးကြီးဟောင်းတင်မောင် | ဘဝမုန်တိုင်းထန်လေပြီ | ၆၅၀၀ိ/-စိတ်ကူးချိုချို |
| ၂ | ပါရဂူ | ပိယဒဿီ | ၄၀၀၀ိ/-စိတ်ကူးချိုချို |
| ၃ | ကျော်ငွေ(ဧည့်လမ်းညွှန်) | ရွှေကျင်ကျေးလက်ပြုံးတော်မူ | ၂၀၀၀ိ/-ကောင်းကျော်စာပေ |
| ၄ | ရွှေဥဒေါင်း | ရှိတ်စပီးယားဝတ္ထုတိုများ | ၃၂၀၀ိ/-စိတ်ကူးချိုချို |
| ၅ | ကလောင်စုံ | စတုအလင်္ကာ | ၂၀၀၀ိ/-Journalist Publishing |
| ၆ | မိုးသက် | အဝေးထိန်း | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၇ | ခင်ဝင်းမြင့် | ရုံးစာရေးသားနည်းနှင့်စာပေးစာယူနည်းအထွေထွေ | ၁၅၀၀ိ/-ရှုတိုင်းယဉ် |
| ၈ | မိုးရှင်း | အင်္ဂလိပ်စကားအမြန်ဆုံးပြောတတ်ဖို့ | ၂၀၀၀ိ/-ကွန်ပျူတာဂျာနယ် |
| ၉ | မင်းပုည | ကမ္ဘာရဲရင့်ဆုံးမိန်းကလေး သို့မဟုတ် မာလာလာ | ၆၀၀ိ/- အားမာန်သစ်စာပေ |
| ၁၀ | The Key Collection | မာတင်လူသာကင်း | ၁၅၀၀ိ/-The key Collection |
| ၁၁ | နေစိုးလှိုင် | စက်ရုံအလုပ်ရုံနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး လမ်းညွှန်လက်စွဲ | ၂၀၀၀ိ/-ဓူဝံစာပေ |
| ၁၂ | ဦးလှိုင်ဖုန်းမော် | (အဆင့်မြင့်)ကျောင်းသားလက်စွဲသဒ္ဒါ | ၃၅၀၀ိ/-ပစ်တိုင်းထောင်စာပေ |
| ၁၃ | သိပ္ပံစိုးမြင့်နိုင် | သားလေးအိပ်ချိန်ကလေးကဗျာများ (မြန်မာ-အင်္ဂလိပ်) | ၂၀၀၀ိ/-စိုးသက်ခိုင်စာပေ |
| ၁၄ | နေမင်းရာဇာ အယ်ဒီတာအဖွဲ့မှစီစဉ်သည် | အင်္ဂလိပ်လိုလွယ်လွယ်တွေး လွယ်လွယ်ရေးမယ် | ၁၅၀၀ိ/-ပစ်တိုင်းထောင်စာပေ |
| ၁၅ | The Key Collection | ပါဘလိုပီကာဆို | ၁၅၀၀ိ/-The key Collection |
| ၁၆ | ဉာဏ်မောင်ချစ် | တိုက်ပွဲဝင်သီချင်းများ | ၁၈၀၀ိ/-ယဉ်မျိုးစာပေ |
| ၁၇ | တင့်ထွန်း(ချောက်) | ပုဂံလမ်းပန်းတွေနဲ့ဝေ | ၂၅၀၀ိ/-ဦးအောင်သန်းဦးစာပေ |
| ၁၈ | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာတည်းအဖွဲ့ | သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ | ၂၅၀၀ိ/-စာနယ်ဇင်းသက်သာ |
| ၁၉ | စိန်ဝင်းစိန် | ရှေးရှေးတုန်းကမြို့ရန်ကုန် | ၈၀၀၀ိ/-Unity စာပေ |
| ၂၀ | တွင်အပ်ချုပ်သင်တန်း | လွယ်ကူမြန်ဆန်Pattern ဆွဲနည်း | ၄၀၀၀ိ/-ပဒေသာ(Fashion)စာပေ |
| ၂၁ | ထိပ်ထားမေ | ဖဲပန်းထိုးနည်းနှင့်ဖဲပန်းဒီဇိုင်းများ | ၁၅၀၀ိ/-ပဒေသာ(Fashion)စာပေ |
| ၂၂ | ပြည်ကျော်ကျော် | My Wipe –Clean Book of Wild Animals | ၂၀၀၀ိ/-KKH စာပေ |
| ၂၃ | ပြည်ကျော်ကျော် | My Wipe –Clean Book of Food | ၂၀၀၀ိ/-KKH စာပေ |
| ၂၄ | ပြည်ကျော်ကျော် | My Wipe –Clean Book of Vehicles | ၂၀၀၀ိ/-KKH စာပေ |
| ၂၅ | ပြည်ကျော်ကျော် | My Wipe –Clean Book of Time | ၂၀၀၀ိ/-KKH စာပေ |
| ၂၆ | ပြည်ကျော်ကျော် | မူကြိုကလေးများအတွက်စကားလုံးဥယျာဉ် (ပုံပြ အင်္ဂလိပ်-မြန်မာ) | ၂၀၀၀ိ/-KKH စာပေ |
| ၂၇ | ဦးအောင်မွန်(မြတ်ဆုမွန်) | ဒုက္ခရစရိယာ | ၂၅၀၀ိ/-မြတ်ဆုမွန်စာပေ |
| ၂၈ | ဇွန်ဖြူ(ပညာရေး) | အာဃာတမီးလျှံနှင့်ဘာသာယဉ်ကျေးမှု အသိဉာဏ်စာစုများ | ၁၅၀၀ိ/-ဇွန်ဖြူ(ပညာရေး) |
| ၂၉ | မင်းနိုင် | ဘဝခရီးဖော်နှင့် ပန်းတိုင် | ၁၅၀၀ိ/-မနောဖြူစာပေ |
| ၃၀ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | ရန်ကုန်မြို့၏ မြို့မြေအသုံးချခြင်းနှင့် အဆောက်အအုံအမြင့်ဇုန်များ | ၁၅၀၀ိ/-ရှုတိုင်းယဉ်စာပေ |
| ၃၁ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေနှင့်တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့နှင့် လက်ရှိတာဝန် ထမ်းဆောင်နေကြသည့်အစိုးရအဖွဲ့ဝင်များ | ၂၀၀၀ိ/-ရှုတိုင်းယဉ်စာပေ |
| ၃၂ | မင်းသိခ် | မြယာရွှေပြည်မင်းသမီး (မော်ဘီမြို့သမိုင်းနောက်ခံဝတ္ထုကြီး) | ၃၅၀၀ိ/-ဘုမ္မာဝတီစာပေ |
| ၃၃ | ထီးရိပ်ကြည်ဆန်း | ရေမဆေးကျောက်ရှာဖွေသူတွေနှင့် ဖားကန့်နောက်ခံဝတ္ထုတိုများ | ၂၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၃၄ | The Key Collection | ဖရီဒါခါလို | ၁၅၀၀ိ/-The key collection |
| ၃၅ | ဒေါက်တာ ဦးဉာဏဝရ | ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာ နှိုင်းယှဉ်လေ့လာချက်အကျဉ်း | ၁၂၀၀ိ/-သုခိစာပေ |
| ၃၆ | အရှင်ပညာသာမိ (ပေါက်ခေါင်း) | နှလုံးသားထဲကငယ်ဆရာ | - သုဒဿနာစာပေ |
| ၃၇ | မင်းနိုင် | ပိုက်ဆံကိုဘယ်လိုရှာမလဲ | ၂၀၀၀ိ/-မနောဖြူစာပေ |
| ၃၈ | မင်းသိမ်းခိုင် | မဇ္ဈိမဒေသသို့ခရီးသွားခြင်း | ၂၀၀၀ိ/-ရသစာပေ |
| ၃၉ | ကြူမွှေး | ဘုမသိဘမသိဖူးစာ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၄၀ | မင်းသိခ် | တူသောဝတ္ထုတိုများ | ၃၅၀၀ိ/-ဘုမ္မာဝတီစာပေ |

**ဆက်လက်ဖော်ပြပါမည်။**

# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၁၆ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် ရန်ကုန်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ကဏ္ဍငါးရပ်ဖြင့် ဆောင်ရွက်ရာတွင် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍ၊ တရားစွဲဆိုရေးကဏ္ဍ၊ လူကုန်ကူးခြင်း ခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူကုန်ကူးမှုသည် တခြား အမှုအခင်းများနှင့်မတူဘဲ လူသားချင်း စာနာမှုကင်းမဲ့သည့် ပြစ်မှု၊ လူ့အခွင့်အရေးချိုးဖောက်သည့် ပြစ်မှုဖြစ်သည်။ ယင်းကြောင့် အစိုးရအဖွဲ့အစည်းတစ်ခုတည်းက မဟုတ်ဘဲ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို လူ့ဘောင်အဖွဲ့အစည်းအားလုံးက အသိ၊ သတိရှိကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ငွေးက ဖတ်ကြားခဲ့သည်။ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုခွေမှတ်တမ်းကို ပြသခဲ့ပြီးနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေထုတ်ပြန်ခဲ့သည့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ စတင်ကာ သတ်မှတ်ခဲ့သည်။ ပြည်သူများ လူကုန်ကူးမှုဆိုင်ရာ အသိများကို ပိုမိုသတိထားမိလာစေရန်၊ တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်များဖြစ်ပေါ်စေရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်လာစေရန်နှင့် လူကုန်ကူးမှုအန္တရာယ်များ လျော့နည်းသွားစေရန် ရည်ရွယ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်အထိ တစ်နှစ်တာကာလအတွင်း လူကုန်ကူးမှု ၂၀ ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်အထိ လူကုန်ကူးမှု၁၃ မှု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားမှုများသည့် မြို့နယ်များမှာ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ တိုက်ကြီး၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ သုံးခွ၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကွမ်းခြံကုန်း အစရှိသည့် မြို့နယ်များမှ ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချီကိုဟန်**



# လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင် ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးမှ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

# အခြေခံပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

**ဥတ္တရသီရိ စက်တင်ဘာ ၁၅**

နေပြည်တော် ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်း (၂/၂၀၁၆)ကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျေးရွာရှိ မြန်မာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းတွင်ပြုလုပ်ရာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းကာလ ၁၀ ရက်တွင် ပို့ချမည့် စာတွေ့/လက်တွေ့ပညာရပ်များကို လေ့လာမှတ်သားကြရန် သင်တန်းသား ၂၀ အား ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ရွှေရဲရင့်)**

# မြဝတီမြို့၌ စတုတ္ထအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**မြဝတီ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ၎င်းတို့၏ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်များကို ပူးပေါင်းအကောင်အထည်ဖော် တိုက်ဖျက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မျိုးထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်း လူထုစစ်ဆေးပွဲပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမနှစ် စက်ဝန်းအတွက် ကျောင်းဆောင်ပြုပြင်တိုးချဲ့ဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ဘီးလင်းမြို့နယ် တဘက်ဆွဲကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက လူထုစစ်ဆေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အများပြည်သူကို နွေးထွေးဆက်ဆံမှုအားနည်းနေသေးသည့် အစိုးရရုံးများ

**တောင်ငူ စက်တင်ဘာ ၁၅**

တောင်ငူမြို့နယ်သည် ယခင်တိုင်းရုံးများထားရှိသည့်မြို့ဖြစ်သည့်အလျောက် ဌာနဆိုင်ရာရုံးများ စုံလင်စွာ တည်ရှိသည်။ အများပြည်သူများသည် ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် အစိုးရဌာနများသို့ စီးပွားရေးကိစ္စရပ်များ၊ လူမှုရေးကိစ္စရပ်များ သိလိုသည်များကို မေးမြန်းစုံစမ်းလျှောက်ထားရန် ဆက်သွယ်ကြရသည်။ ဌာနဆိုင်ရာရုံးဌာနများတွင် ဝင်စာ၊ ထွက်စာဌာနများထားရှိထားသော်လည်း သိစေလိုသည့် ကိစ္စရပ်များ ဆက်သွယ်ရာတွင် သက်ဆိုင်သူနှင့် တိုက်ရိုက်ဆက်သွယ်ကြသည်။ "ကျွန်တော်တို့ ရုံးတစ်ရုံးကို သွားမယ်ဆိုရင် အရင်ဆုံး အချိန်ကို ကြည့်ရတယ်။ ထမင်းစားချိန်နဲ့တိုးနေမလား၊ အစည်းအဝေးပဲရှိနေမလား ချင့်ချိန်ရတယ်။ ကိုယ်နဲ့သိတဲ့သူ ဘယ်သူရှိမလဲဆိုတာ စဉ်းစားရတယ်။ ရင်းနှီးမှုမရှိရင် ဝင်ရ၊ ထွက်ရတာခက်တယ်။ စိတ်မရှည်တာက ခပ်များများရယ်၊ ရုံးတွေကို သိပ်မသွားချင်ဘူး။ ပြောင်းလဲချိန်တန်ပြီလို့ ထင်ပါတယ်"ဟု ဒေသခံတစ်ဦးက ရင်ဖွင့်ပြောကြားသည်။

အချို့ရုံးများတွင် ဆက်ဆံရေးအရာရှိများထားရှိထားပြီး ပြန်ကြားရေးဌာနများလည်း ထားပေးထားရာ ကိစ္စကြီးငယ်ဆောင်ရွက် ဆက်သွယ်သူများအဖို့ မြန်ဆန်အဆင်ပြေကြောင်း သိရသည်။

ဝန်ထမ်းများသည် ဒေသခံများနှင့် ထိတွေ့ဆက်ဆံမှုအားနည်းပြီး မြို့နှင့်တစ်သားတည်းဖြစ်နေဖို့ လိုအပ်နေခြင်းကြောင့် မလိုအပ်သည့် ပြဿနာများဖြစ်ပေါ်နေရကြောင်း ဒေသခံတချို့က သုံးသပ်ခဲ့သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)ရုံးကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ဖွင့်လှစ်ထားရှိခဲ့ရာ ဆက်သွယ်ဆောင်ရွက်သည့်သူနည်းပါးကြောင်း၊ မူရင်းဌာနရုံးရှိရာ နေရာများကိုသာ သွားလာနေကြောင်း ကြားသိရသည်။ ထို့ကြောင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ မိဘဆွေမျိုးညီအစ်ကိုမောင်နှမသဖွယ် အလေးထားဆက်ဆံကြစေလိုကြောင်း အပြုသဘောဖြင့် အကြံပြုပါသည်။

**သူရ(တောင်ငူ)**

# မြို့နယ်လုံးကျွတ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းများ ဆောင်ရွက်

**ကျိုက်ထို စက်တင်ဘာ ၁၅**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၈၁ ရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ငါးရွာအား ရေးဆွဲဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော ကျေးရွာ ၇၆ ရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် သင်တန်း ငါးကြိမ်ခွဲ၍ ပို့ချသွားမည်ဖြစ်သည်။

သင်တန်း ပထမအကြိမ်ကို ဩဂုတ်လအတွင်းက မြို့နယ်ခန်းမဆောင်၌ ကျေးရွာ ၁၃ ရွာမှ သင်တန်းသား သင်တန်းသူ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ဝန်ထမ်းများ စုစုပေါင်း ၃၈ ဦးဖြင့် လည်းကောင်း၊ သင်တန်း ဒုတိယအကြိမ်ကို စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျေးရွာ ၁၇ ရွာမှ သင်တန်းသား သင်တန်းသူ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ဝန်ထမ်းများ စုစုပေါင်း ၄၀ ဖြင့်လည်းကောင်း၊ သင်တန်း တတိယအကြိမ်ကို မုပ္ပလင်ကျေးရွာ ဓမ္မာရုံတွင် စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်ဝန်ထမ်းများ စုစုပေါင်း ၄၇ ဦးဖြင့် သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး ကျန်ကျေးရွာ ၃၁ ရွာအား စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ခွဲ၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်(ရွှေဈေး) ၈၆၇၅၀၀ - ၈၆၈၅၀၀ မန္တလေး(ရွှေဈေး) ၈၆၇၃၀၀ - ၈၆၈၃၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၂၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၇၁.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၂.၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄.၉၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၅၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၁.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈.၂၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁.၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၄.၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# တစ်နှစ်တာဝင်ငွေအမြင့်မားဆုံး တီဗွီမင်းသမီးဖြစ်လာခဲ့သည့် မင်းသမီးဆိုဖီယာဗာဂါရာ

Forbes မဂ္ဂဇင်း၏ နှစ်စဉ်ဝင်ငွေအကောင်းဆုံးသရုပ်ဆောင်များကို ထုတ်ပြန်ကြေညာခဲ့ရာ တစ်နှစ်တာဝင်ငွေအမြင့်မားဆုံး တီဗွီမင်းသမီးအဖြစ် မင်းသမီး ဆိုဖီယာဗာဂါရာက ငါးနှစ်ဆက်တိုက် နေရာယူထားကြောင်း အဆိုပါ မဂ္ဂဇင်းက စက်တင်ဘာ ၁၄ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

စပိန်ဘာသာစကားရုပ်သံလိုင်းတစ်ခုဖြစ်သည့် Univisión တွင်သာမက အခြားသော တီဗွီရုပ်သံလိုင်းများတွင်လည်း နာမည်ကြီးမင်းသမီးတစ်ဦးဖြစ်သူ ကိုလံဘီယာ-အမေရိကန်မင်းသမီး ဆိုဖီယာသည် အခြားသော သရုပ်ဆောင်များဖြစ်သည့် Kaley Cuoco၊ Mindy Kaling.တို့နှင့်အတူ ယင်းသို့ ဂုဏ်ပြုခံခဲ့ရခြင်းဖြစ်ပြီး တစ်နှစ်တာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃ သန်းဖြင့်လည်းကောင်း၊ Mindy Kaling က အမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့်လည်းကောင်း၊ Mariska Hargitay က အမေရိကန်ဒေါ်လာ ၁၄ ဒသမ၅ သန်းဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိနေကြသည်။

အမေရိကန်ရုပ်သံလိုင်းများ၏ ထိပ်တန်းသရုပ်ဆောင်တစ်ဦးဖြစ်သူ အသက်(၄၄)နှစ်အရွယ် မင်းသမီး ဆိုဖီယာသည် ၂၀၁၄ ခုနှစ်ကလည်း Forbes မဂ္ဂဇင်းမှ ပြုစုသည့် ကမ္ဘာ့စွမ်းအားအကြီးမားဆုံးအမျိုးသမီးများစာရင်းတွင် နံပါတ် ၃၂ နေရာ၌ ရပ်တည်ခဲ့သည်။

ဆိုဖီယာသည် အမေရိကန်ရုပ်သံဇာတ်လမ်းတွဲများဖြစ်သည့် The Smurfs (2011), New Year's Eve (2011), Happy Feet Two (2011), The Three Stooges (2012), Escape from Planet Earth (2013), Machete Kills (2013), Chef (2014), and Hot Pursuit (2015) တို့တွင် အထူးအောင်မြင်လာသူတစ်ဦးလည်းဖြစ်သည်။



## ကြွေလွင့်ကြယ်ပွင့် အေမီဝိုင်းဟောက်စ်၏ မွေးနေ့အတွက် ဆုတောင်းပေးခဲ့သည့် အဒဲလ်

တေးသံရှင်နှင့် တေးရေးဆရာ အဒဲလ်က သူ၏ အသက်(၃၃)နှစ်ပြည့် မွေးနေ့ဖြစ်သည့် စက်တင်ဘာ ၁၄ ရက်တွင် ၎င်းအတွက် ဆုတောင်းမေတ္တာပို့သပုံကို ၎င်း၏တွစ်တာစာမျက်နှာမှတစ်ဆင့် ပရိသတ်များထံမျှဝေခဲ့သည်။

အဒဲလ်သည် အသက်ငယ်ငယ်ဖြင့် ကြွေလွင့်ခဲ့ရသည့် soul ဂီတ၏ ဘုရင်မတစ်ပါးဖြစ်သူ အေမီဝိုင်းဟောက်စ်အား သတိရလွမ်းဆွတ်သည့်အနေဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်ပြီး "ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေ Happy Birthday Amy X. "ရေ"ဟု ပုံစာရေးသားထားသည့် ၎င်း၏ဓာတ်ပုံကို လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

"တကယ်လို့ တေးသံရှင် အေမီဝိုင်းဟောက်စ်နဲ့ Frank အယ်လ်ဘမ်သာ မရှိခဲ့ဘူးဆိုရင် ကျွန်မ ဂီတာကို သေချာပေါက် ကောက်ကိုင်ဖြစ်မှာမဟုတ်ပါဘူး၊ Daydreamer' 'Hometown,' နဲ့ 'Someone Like You' အဲဒီသီချင်းတွေကို ကျွန်မ ဂီတာတစ်လက်နဲ့ ဖန်တီးခဲ့တာပါ"ဟု တေးသံရှင် အဒဲလ်က အမေးအဖြေကဏ္ဍတစ်ခုတွင်ဖြေကြားခဲ့ဖူးသည်။



## ချစ်သူအကြောင်း တရားဝင် ထုတ်ဖော်ခဲ့သည့် မင်းသမီး အာရီယာနာ

အသက်(၂၃)နှစ်အရွယ် မင်းသမီးနှင့် အဆိုတော် အာရီယာနာ ဂရန်ဒ့်ထ်က ၎င်း၏ချစ်ရေးချစ်ရာကိစ္စနှင့်ပတ်သက်ပြီး ပရိသတ်များအား ဖွင့်ဟဝန်ခံခဲ့သည်။

အာရီယာနာသည် အသက်(၂၄)နှစ်အရွယ် ရက်ပ်အဆိုတော် Mac Miller နှင့် ချစ်ကြိုးသွယ်နေခဲ့ခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က The Ellen DeGeneres Show တွင် ဖွင့်ဟဝန်ခံခဲ့ခြင်းလည်းဖြစ်သည်။

"ကျွန်မဘယ်တုန်းကမှ ဒီလို အချစ်အကြောင်းတွေကို ရှိုးပွဲတွေမှာ ထုတ်ဖော်မပြောဖူးပါဘူး။ ကျွန်မတို့အတူ ပျော်ပျော်ရွှင်ရွှင်ရှိနေကြပါတယ်"ဟု အဆိုပါရုပ်သံအစီအစဉ်တွင် ဖွင့်ဟသွားခဲ့သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

## စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ် Morgan စတင်ပြသ

20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ ယခုလ ၂ ရက်နေ့က ထုတ်လုပ်ဖြန့်ချိခဲ့ သည့် Morgan စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသည် ယင်းဇာတ်ကား၏ ဒါရိုက်တာ Luke Scott ၏ ပထမဆုံးပွဲဦးထွက် လက်ရာဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားသည် ထူးချွန်သည့် သိပ္ပံပညာရှင်တစ်စုက ဓာတ်ခွဲခန်းတစ်ခုအတွင်းတွင် လူသားများကဲ့သို့ သိရှိခံစားတတ်သည့် လူသားတစ်ယောက်ကို မွေးထုတ်ဖန်တီးကြပြီး မိန်းကလေးဖြစ်သည့်အတွက် မော်ဂန်ဟု အမည်ပေးခဲ့ကြသည်။ မော်ဂန်သည် သာမန်လူသားများထက် သာလွန်သောစွမ်းရည်များကြောင့် မွေးထုတ်ပြီးတစ်လအကြာတွင် လမ်းလျှောက်စကားပြောနေပြီး ခြောက်လအကြာတွင် လူကြီးတစ်ယောက် ကဲ့သို့ စွမ်းရည်များရရှိနေခဲ့သည့်သူမကို ဖန်တီးခဲ့သည့် သိပ္ပံပညာရှင်များကိုယ်တိုင် အံ့ဩယူခဲ့ကြသည်။

သို့သော် တစ်နေ့တွင် တစ်စုံတစ်ရာကို မကျေနပ်ဘဲ ပေါက်ကွဲစိတ်ဆိုးဒေါသထွက်လာသော အခါ မော်ဂန် သည် သူ့အား ဖန်တီးခဲ့သည့် ပညာရှင်များထဲမှ တစ်ယောက်ကို စတင်တိုက်ခိုက်ပြီး ဒဏ်ရာရရှိစေခဲ့သည်။မော်ဂန်အား ဖန်တီးပေးခဲ့သည် ကော်ပိုရေးရှင်းမှအခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးလေ့ရှိသူ အကြံပေး ပညာရှင် Lee Wealther က မော်ဂန်သည် ကလေးဘဝ၌ပင် ရန်လိုနေလျှင် ကြီးပြင်းလာသောအချိန်၌ မည်သို့ဖြစ်လာမည်ကို သုံးသပ်ပြီးမော်ဂန်ကို အသက်ဆက်ရှင်ခွင့် ပေးမည်လား၊ ဘဝအဆုံးသတ်မည်လားဆိုသည်ကို စိတ်ဝင်စားဖွယ်ကြည့်ရှုရမည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားကို နိုင်ငံတကာတွင်လည်း စတင်ပြသနေပြီဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်နှင့် မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် စက်တင်ဘာ ၁၆ ရက်နေ့မှ စတင်ကာ ရုံတင်ပြသသွားမည်ဖြစ်သည်။



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၉ -၂၀၁၆ (သောကြာနေ့)]

### မြဝတီရုပ်မြင်သံကြား

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၁၂း၃၅ | DVD Hits |
| ၇း၁၅ | မေတ္တာပို့ | ၄း၀၆ | တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း |
| ၇း၂၅ | ဓမ္မပူဇာတေး | ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၄း၂၅ | ခံစားနားဆင်လက်ာဝတ်ရည် တေးသံစဉ် |
| ၇း၄၅ | သင့်အတွက်တစ်နေ့တာ | ၄း၄၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၄း၄၅ | Sportcast |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ | ၅း၂၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၈း၁၀ | စိုက်ပျိုးသုတ | ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၈း၂၅ | DVD Hits | ၅း၄၅ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၈း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ | ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း | ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ | ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၉း၄၀ | ကျန်းမာသုတ | ၆း၃၀ | " ရွှာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို |
| ၉း၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မစ္စကိုရီးယား အပိုင်း(၅) |
| ၁၀း၀၀ | တစ်ပတ်အတွင်း စီးပွားရေးသတင်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၀း၁၅ | Books Guide | | အမျိုးသားရေးတေးကဗျာ |
| ၁၀း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ | | - VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၁၀း၄၅ | သီချင်းလက်ဆောင် | | - သံစဉ်များနှင့်ကမ္ဘာ |
| ၁၁း၀၀ | နိုင်ငံတကာသတင်း | | - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| ၁၁း၁၀ | ဘောလုံးကန်ကြမယ် | | - Lucky Door |
| ၁၁း၂၀ | မြန်မာ့ရှုခင်း | | -မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁း၃၅ | Sportcast | | - တရားတော် |
| ၁၁း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး | | |
| ၁၁း၅၅ | ဇာတ်လမ်းတို | | |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၁၂း၂၅ | Cooking Art | | |

### MRTV-4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော် + အာဋ္ဌာနာဋိယသုတ် | ၄း၁၀ | Cartoon Series (English Play Ground) |
| ၅း၄၀ | "ဘဝအောင်မြင်ရေးအကြောင်း" တရားတော်[ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ] | ၆း၁၀ | Health Fix |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (PENSHOPPE (Myanmar) Grand Opening) | ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၈း၀၀ | "မင်္ဂလာပါ"The Morning Show | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၁) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၃၄) |
| ၁၁း၁၅ | Food & Decor | ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၂း၃၅ | အနုပညာမိုးကောင်းကင် | ၁၀း၀၅ | MRTV-4 Stage |
| ၃း၄၅ | CMHL's 20 th AnniVersary | ၁၀း၃၀ | World Of Knowledge (Built For The Kill:Grassland) |

### MITV

| | |
|---|---|
| 07:03 | News |
| 07:26 | Travel To The Southern Part of Shan State (Kalaw) |
| 07:45 | Excavation At Kawhmu |
| 07:55 | Kid's Home |
| 08:03 | News |
| 08:26 | Adventurous Young Photographer |
| 08:46 | Civic Duty |
| 09:03 | News |
| 09:26 | Moe Ne' Keeps Its Tradition Alive |
| 09:51 | A Girl Guide |
| 10:03 | News |
| 10:26 | Green Corner |
| 10:35 | ABU Radio Song Festival |
| 10:47 | Myanma Agarwood |
| 07:03 | News |
| 07:25 | Shwe U Min Natural Cave In Kalaw |
| 07:42 | Buddha Image Built Of Bamboo Strip |
| 07:54 | Young Artist: Maw Thu Da Nu |
| 08:03 | News |
| 08:26 | An Aficionado Of Alluring Antiques |

# မန်စီးတီး၊ လက်စတာနှင့် ဒေါ့မွန်တို့ ဂိုးပြတ်နိုင်ပွဲများရရှိခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့်

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်များကို ဒုတိယနေ့အဖြစ် စက်တင်ဘာ ၁၄ ရက်ညပိုင်းက ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်း၊ လက်စတာစီးတီးအသင်းနှင့် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတို့သည် ပြိုင်ဘက်အသင်းများအပေါ် ဂိုးပြတ်နိုင်ပွဲများရရှိခဲ့ကြသည်။

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် မိုချန်ဂလာဘတ်အသင်းနှင့် ပွဲစဉ်တွင် လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး အဂူရိုက ဟက်ထရစ်သွင်းဂိုးနှင့် လူစားဝင်ကစားသမား နာချိုက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အဂူရိုသည် ယခုပွဲစဉ်တွင် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့် ဂျာမန် ကလပ်အသင်းများတွေ့ဆုံမှုတွင် သွင်းဂိုးခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့သည့်ကစားသမားဖြစ်လာခဲ့သည့်အပြင် မိုက်ကယ်အိုဝင်နှင့် အန်ဒီကိုးလ်တို့ပြီးပါက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်ကလပ်အသင်းများနှင့်အတူ ချန်ပီယံလိဂ် ဟက်ထရစ်သွင်းဂိုးသွင်းယူ နိုင်ခဲ့သည့် တတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့သည်။

မန်စီးတီးအသင်းသည် မိုချန်ဂလာဘတ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စုဇယားအဆင့်တွင် ဘာစီလိုနာအသင်းအောက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆဲလ်တစ်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ဘာစီလိုနာအသင်းမှာမူ ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် လာမည့်ချန်ပီယံလိဂ်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၈ ရက်တွင် ဆဲလ်တစ်အသင်းနှင့် အဝေးကွင်း၌လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် ဘာစီလိုနာအသင်းနှင့် အဝေးကွင်း၌လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဘာစီလိုနာအသင်းကို အိမ်ကွင်း၌လည်းကောင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် မိုချန်ဂလာဘတ်အသင်းကို အဝေးကွင်း၌လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ဆဲလ်တစ်အသင်းကို အိမ်ကွင်း၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လက်စတာစီးတီးအသင်း ချန်ပီယံလိဂ်အုပ်စုအဆင့်အဖွင့်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံကလပ် ဘရူးဂ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး လက်စတာစီးတီးအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ လက်စတာစီးတီးအသင်းအတွက် သွင်းဂိုးများကို မာရက်ဇ်ကနှစ်ဂိုးနှင့် အယ်လ်ဘရိုက်တန်ကတစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။





လက်စတာစီးတီးအသင်းသည် အသင်း၏ သမိုင်းကြောင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်တွင် ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ပထမဆုံးပွဲစဉ်မှာပင် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် ချန်ပီယံလိဂ်တွင် ပထမဆုံး ကစားခွင့်ရရှိချိန်တွင် နိုင်ပွဲရရှိခဲ့သည့် တတိယမြောက်အင်္ဂလန်ကလပ်အသင်းတစ်သင်းလည်းဖြစ်လာခဲ့သည်။ ယခင်ကမူ မန်ယူအသင်းသည် ၁၉၉၄ ခုနှစ်တွင် ပထမဆုံးအကြိမ်ချန်ပီယံလိဂ်ကစားခွင့်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့်အပြင် နယူးကာဆယ်အသင်းသည်လည်း ၁၉၉၇ ခုနှစ်တွင် ပထမဆုံးကစားခဲ့ကာ အနိုင်ရရှိခဲ့သည်။

ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စုအဆင့်တွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ပြီး လာမည့်ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ် သည်။

ချန်ပီယံလိဂ်အုပ်စုအဆင့်ဒုတိယနေ့တွင် ဒေါ့မွန်အသင်းသည်လည်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး လီဂီယာဝါဆောအသင်းကို ခြောက်ဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဒေါ့မွန်အသင်းအတွက်သွင်းဂိုးများကို ဂေါ့ဇ်ကနှစ်ဂိုးသွင်းယူပေးခဲ့ပြီး ပါပက် စသိုပူးလော့၊ ဘာထရာ၊ ရာဖေးလ်ဂွာရီရို၊ ကတ်စထရိုနှင့် အော့ဘာမီယန်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် စီရိုနယ်လ်ဒိုနှင့် မိုရာတာတို့က ဂိုးသွင်းယူပေးခဲ့ကာ စပို့တင်းလစ္စဘွန်းအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဘရူနိုဆီဆာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံလိဂ်ချန်ပီယံဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း၏ ဦးဆောင်ဂိုးသွင်းယူခြင်းကိုခံခဲ့ရသော်လည်း သာမန်ပွဲကစားချိန် နောက်ဆုံးနှစ်မိနစ်မှာပင် ရီးယဲလ်မက်ဒရစ်အသင်းက ချေပဂိုး သွင်းယူကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များဖြစ်သည့် လေဗာကူဆင်အသင်းနှင့် စီအက်စ်ကေအေမော်စကိုအသင်းတို့ပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီသရေ၊ ပေါ်တိုအသင်းနှင့် ကိုပင်ဟေဂင်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေ၊ ဂျူဗင်တပ်အသင်းနှင့် ဆီဗီလာအသင်း တို့ပွဲစဉ်တွင် ဂိုးမရှိသရေစသည့်ရလဒ်များထွက်ပေါ်ခဲ့ပြီး စပါးအသင်းနှင့် မိုနာကိုအသင်းတို့ပွဲစဉ်တွင် မိုနာကိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ လိုင်ယွန်အသင်းနှင့် ဒိုင်နမိုဇာဂရက်တို့ပွဲစဉ်တွင် လိုင်ယွန်အသင်း က သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ငွေကြယ် - ရေးသားသည်။

## အဂူရိုအား သင်ကြားပေးစရာ မလိုဟု ဂွါဒီယိုလာ ဖွင့်ဟ




မိုချန်ဂလာဘတ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် သွင်းဂိုးသုံးဂိုး (ဟက်ထရစ်ဂိုး) သွင်းယူနိုင်ခဲ့သည့် မန်စီးတီး တိုက်စစ်မှူး အဂူရိုကို ၎င်းအနေဖြင့် များစွာ သင်ကြားပေးစရာ မလိုအပ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက ချီးကျူးစကားပြောကြားလိုက်သည်။ အဂူရိုသည် ယခုနှစ်ဘောလုံးရာသီအစတွင် အကောင်းဆုံး ခြေစွမ်းပြသထားနိုင်သူဖြစ်ပြီး ဟတ်ထရစ်ဂိုးနှစ်ကြိမ် သွင်းယူနိုင်ခဲ့ပြီး ဖြစ်သည်။

သို့သော် ဝက်စ်ဟမ်းနောက်ခံလူ ရိဒ်အား တံတောင်ဖြင့် တွက်ခဲ့သည့်အတွက် ပြည်တွင်းပြိုင်ပွဲများတွင် သုံးပွဲပယ် ပြစ်ဒဏ်ကျခံနေရပြီး မန်ချက်စတာဒါဘီတွင် ဝင်ရောက် ကစားနိုင်ခြင်းမရှိခဲ့ပေ။ ဂွါဒီယိုလာက အဂူရို၏ အရည်အသွေးအား ချီးကျူးစကားပြောကြားခဲ့သလို ယခုပွဲတွင် အကောင်းဆုံး ပုံစံတစ်ရပ် ပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဂန်ဒိုဂန်၏ ခြေစွမ်းနှင့်ပတ်သက်၍လည်း ချီးမွမ်းပြောကြားခဲ့သည်။

ဂွါဒီယိုလာက “ ဆာဂျီယိုဟာ ပယ်လီဂရီနီလက်ထက်မှာလည်း ကောင်းတယ်၊ နိုင်ငံလက်ရွေးစင်အသင်းအတွက်လည်း ကောင်းနေတာပဲ။ ကျွန်တော့်လက်ထက်ရောက်တော့လည်း ဆက်လက်ကောင်းနေတုန်းပါပဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ သူက အထူးသင်ကြားပေးစရာ မလိုလောက်အောင် ကောင်းတဲ့ ကစားသမားမို့ပါ” ဟု ပြောကြားလိုက်သည်။

ယခုပွဲစဉ်မကစားမီ မန်စီးတီးအသင်း၏ ကွင်းလယ်ဖန်တီးရှင် ဒေးဗစ်ဆေးလ်ဗားမှာ အသင်းလေ့ကျင့်ရေး အစီအစဉ်အတွင်း ဒဏ်ရာရရှိခဲ့သဖြင့် ဂွါဒီယိုလာက ဂန်ဒိုဂန်အား ဆေးလ်ဗားနေရာ အစားထိုးကစားစေခဲ့သော်လည်း မန်စီးတီးကစားကွက် ပျက်မသွားဘဲ ပွဲအစမှအဆုံး အကောင်းဆုံးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ဂန်ဒိုဂန်မှာ ဒူးဒဏ်ရာ ပြဿနာကြောင့် ဂျာမနီအသင်းနှင့် ယူရို၂၀၁၆ပြိုင်ပွဲ လွဲချော်ခဲ့ရသလို ဒေါ့မွန်မှ ပြောင်းရွှေ့လာပြီးနောက် မန်စီးတီးအတွက် တစ်ပွဲမျှ ဝင်ရောက်ကစားနိုင်ခြင်းမရှိသေးဘဲ ပြိုင်ပွဲများနှင့် သုံးလနီးပါး ကင်းကွာနေခဲ့သူဖြစ်သည်။ သို့သော် ယခု ချန်ပီယံလိဂ်ပွဲစဉ်တွင် ဆေးလ်ဗားနေရာ ဝင်ရောက်ကစားခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့ခြင်းကြောင့် မန်စီးတီး၏ ကွင်းလယ်ပိုင်းတွင် ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားသူ အများအပြားရှိနေသည် ဟူသော အချက်ကိုပါ သက်သေပြနိုင်ခဲ့သည်။

မန်စီးတီးသည် မိုချန်ဂလာဘတ်အသင်းနှင့် ပွဲစဉ်ကို မူလက ဗြိတိန် စံတော်ချိန် ည ၇ နာရီ ၄၅မိနစ် ( မြန်မာစံတော်ချိန် စက်တင်ဘာ ၁၄ ရက် နံနက် ၁ နာရီ ၁၅မိနစ်) တွင် ကစားရန် စီစဉ်ခဲ့သော်လည်း ရာသီဥတု ရုတ်တရက် ဆိုးရွားခဲ့ခြင်းကြောင့် ပွဲစဉ်ကို ရွှေ့ဆိုင်း ခဲ့ရခြင်းဖြစ်သည်။ ယူအီးအက်ဖ်အေ၏ စည်းမျဉ်း ဥပဒေသ ၂၆(၃)အရ ပြန်လည်ကစားမည့် ပွဲချိန်ကို ပွဲပျက်ပြီး နှစ်နာရီအတွင်း ထုတ်ပြန်ကြေညာခြင်းဖြစ်ရာ နှစ်သင်းစလုံး သဘောတူညီချက်ရယူပြီး နောက်တစ်နေ့ အဆိုပါအချိန် (စက်တင်ဘာ၁၅ရက် မြန်မာစံတော်ချိန် နံနက်၁နာရီ ၁၅မိနစ်) တွင် အတည်ပြုချက် ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ကွင်းအနေအထား ကောင်းမွန်မှုအတွက် အာမခံချက်ပေးနိုင်သကဲ့သို့ မိုချန်ဂလာဘတ်အသင်းဘက်မှလည်း သဘောတူခဲ့သည့်အတွက် စက်တင်ဘာ ၁၅ရက်တွင် မူလကစားရန် စီစဉ်ထားသည့် ပွဲစဉ် ရှစ်ပွဲအပြင် မန်စီးတီး- မိုချန်ဂလာဘတ် ထပ်တိုး ပွဲစဉ်တစ်ပွဲကြောင့် ကိုးပွဲအထိ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မေလှဲ့သင်း - ရေးသားသည်။

## ဘာနေဗျူးကွင်းတွင် မည်သည့်အသင်းမျှ စပို့တင်းလစ္စဘွန်းကဲ့သို့ ကစားနိုင်မည်မဟုတ်

ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်း ဘာနေဗျူးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ယင်းသို့လက်ရှိချန်ပီယံအသင်းကို အဝေးကွင်းတွင် မိမိတို့အသင်းကဲ့သို့ မည်သည့်အသင်းမျှ ကစားနိုင်မည်မဟုတ်ဟု စပို့တင်းနည်းပြ ဂျီးဆပ်ဇ်က ရှုမြင်သည်။ စပို့တင်းလဘစ္စဘွန်းအသင်းသည် ပွဲချိန်၈၈မိနစ် အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့ပြီးမှ ငါးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက်ပေးခဲ့ရကာ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

စပို့တင်းအသင်းသည် ပွဲချိန်မိနစ် ၉၀နီးပါး ရီးယဲလ်မက်ဒရစ်အသင်းအား ဘာနေဗျူးကွင်းတွင် အနိုင်ယူနိုင်သည့် အသင်းအဖြစ် သမိုင်းသစ်ရေးထိုးခွင့်ရရန် အခြေအနေတစ်ရပ် နီးစပ်ခဲ့သေးသော်လည်း စီရိုနယ်လ်ဒို၏ ၂၅ကိုက်အကွာ အလွတ်တည်ကန်ဘောမှတစ်ဆင့် ချေပဂိုးတစ်ဂိုးခွင့်ပြုခဲ့ရပြီးနောက် ၉၄မိနစ်တွင် မိုရာတာက ရီးယဲလ်အတွက် အဖိုးတန်အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နည်းပြဂျီးဆပ်ဇ်သည် ဒုတိယပိုင်းတွင် ဒိုင်ဖြစ်သူ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ စောဒကတက်ခဲ့သေးသည်။

ဂျီးဆပ်ဇ်က စီရိုနယ်လ်ဒိုသွင်းယူခဲ့သည့် ချေပဂိုးမှာ အင်မတန်သေသပ်လွန်းသည့် ဂိုးဖြစ်ပြီး အနိုင်အရှုံး ကို အဆုံးအဖြတ် ပေးသွားသည်မှာ အတွေ့အကြုံပိုင်းပင်ဖြစ်ကြောင်း ဆိုလိုက်သည်။ စပို့တင်း လစ္စဘွန်းအသင်းသည် လာမည့် စက်တင်ဘာ ၂၇ရက်တွေင် ဒေါ့မွန်အသင်းအား ခြောက်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် လီဂီယာ ဝါဆောအသင်းနှင့် ဒုတိယမြောက် ချန်ပီယံလိဂ် ပွဲစဉ် အဖြစ် ယှဉ်ပြိုင် ရမည် ဖြစ်သည်။



## မူခင်းအသိပညာပေးရွှေ့လျားယာဉ်ဖြင့် လှည့်လည်ရှင်းလင်းမှုများ ပုလဲမြို့၌ပြုလုပ်

**ပုလဲ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မဈေးရှေ့၌ စက်တင်ဘာ ၁၂ ရက် နံနက် ၁၀နာရီက ပြည်သူ့ဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်လာစေရေး စသည့် မှုခင်းဆိုင်ရာ အကြောင်းအရာများကို တွေ့မြင်သိရှိနိုင်စေရေးအတွက် ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွှေ့လျားယာဉ်ဖြင့် လှည့်လည်ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော်က "ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှုခင်းအသိပညာပေး ရွှေ့လျားယာဉ်ဖြင့် ပုလဲမြို့ပေါ်ရှိ ကျောင်းသား၊ ကျောင်းသူများနဲ့ ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် ဖြစ်ရပ်မှန် လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးရောင်းဝယ် သုံးစွဲကြသူများရဲ့ ဘဝနိဂုံး မှတ်တမ်းများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာသူများနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူများကြောင့် အဖြစ်ဆိုးများ ကြုံတွေ့ရမှု မှတ်တမ်းဗီနိုင်းဓာတ်ပုံများ ပြသထားခြင်းအပြင် ဓာတ်ပုံပါအကြောင်းအရာများကို ကြည့်ရှုသူများ တွေ့မြင်နားလည်စေရေးကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်နဲ့အတူ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါတယ်" ဟု ပြောသည်။

ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ရွှေ့လျားယာဉ်ပေါ်သို့ စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့်အား ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရဲတပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ပခုက္ကူမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)သို့ UNDP ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့လာရောက်လေ့လာ

**ပခုက္ကူ စက်တင်ဘာ ၁၅**

ပခုက္ကူမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)သို့ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ် ဒေါ်မွန်မွန်သိန်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်က လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့အား ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်ကပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။



ယင်းနောက် လေ့လာရေးအဖွဲ့ဝင် ဆွီဒင်နိုင်ငံသံမှူးကြီးက OSS ရုံးထားရှိ ဖွင့်လှစ်မှုနှင့် ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ပြည်သူများသိရှိအောင် ဆောင်ရွက်ထားရှိမှုတို့ကို မေးမြန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ UNDP ဌာနေကိုယ်စားလှယ် ဒေါ်မွန်မွန်သိန်းက OSS ရုံး ဖွင့်လှစ်ခြင်းဖြင့် လာဘ်ပေးလာဘ်ယူမှုလျော့နည်းမှု ရှိ-မရှိ မေးမြန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းတစ်ဦးချင်း အသိပေးထားပြီးဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သဖြင့် လာဘ်ပေး၊ လာဘ်ယူမှု မဖြစ်နိုင်တော့ကြောင်း ဖြေကြားခဲ့သည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဆွီဒင်သံရုံး(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများက ခရိုင်အတွင်းရှိ မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးများ အခြေအနေနှင့် မြိုင်မြို့နယ်ရုံးတွင် ပြည်သူများလာရောက်မှု နည်းပါးရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

လေ့လာရေးအဖွဲ့သည် ပခုက္ကူမြို့ပြည်သူ့ဝန်ဆောင်မှုရုံးကို ဝင်ရောက်လေ့လာရာ ဌာနအလိုက်နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်မှုနှင့် မည်သို့ဆောင်ရွက်ပေးနေသည်များ မေးမြန်းရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

လေ့လာရေးအဖွဲ့တွင် UNDP ဌာနေကိုယ်စားလှယ် ဒေါ်မွန်မွန်သိန်း၊ ဆွီဒင်သံရုံးမှ စီမံကိန်းအရာရှိ ဒေါ်အိနှင်းဖြူထွန်း၊ UNDP နှင့် ဆွီဒင်သံရုံး (ရန်ကုန်ရုံးခွဲ)မှ သံမှူးကြီးနှင့် တာဝန်ရှိသူများပါဝင်သည်။အဆိုပါအဖွဲ့သည် နံနက်ပိုင်းက ပခုက္ကူမြို့ အမှတ် ၆ ရပ်ကွက်၊ အမှတ် ၅ ရပ်ကွက်များသို့ သွားရောက်လေ့လာခဲ့ကြောင်းသိရသည်။ **တင်အောင်ဝင်း**

## စက်ရေတွင်း တွင်းနက်တူးဖော်မှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကလေး စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေရရှိရေးအတွက် စက်ကြီးများဖြင့် စက်ရေတွင်း တွင်းနက်တူးဖော်နေမှု အခြေအနေအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြရာ လက်ရှိတူးဖော်နေသည့် လှိုင်သာယာရပ်ကွက်ရှိ စက်ရေတွင်း တွင်းနက်မှာ အနက်ပေ ၂၁၀ အထိ တူးဖော်ဆောင်ရွက်ဆဲရှိပြီး ပေ ၅၀၀ ကျော်ခန့်တွင် ရေကြောတွေ့ရှိနိုင်ကြောင်း သိရသည်။

လှိုင်သာယာရပ်ကွက်အတွင်း ယခင်က တွင်းတိမ် အများအပြား တူးဖော်ခဲ့သော်လည်း အောက်တွင် ကျောက်များခံနေမှုကြောင့် မြေအောက်ရေ မရနိုင်ဘဲ ခါးရေကြောသာရရှိခဲ့ပြီး နွေရာသီတွင် ရေများခန်းခြောက်ကာ သောက်သုံးရေပြတ်လပ်မှုများ မကြာခဏကြုံတွေ့လျက်ရှိသည်။ အထူးသဖြင့် ယခင်နှစ် ကလေးဒေသ ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် သောက်သုံးရေပြတ်လပ်မှုများ ပိုမိုကြုံတွေ့လာရသည်။

ယခုအချိန်တွင် ကျေးလက်ဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စက်ရေတွင်း တွင်းနက်များကို ကလေးတက္ကသိုလ်တွင် နှစ်တွင်း၊ ကွန်ပျူတာတက္ကသိုလ်တွင် တစ်တွင်း တူးဖော်ခဲ့ပြီး တူးဖော်ရန်ခက်ခဲသည့်နေရာများတွင် စက်ကြီးဖြင့် တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

'အခုနှစ် ဩဂုတ်လက ကျွန်တော်တို့ ရပ်ကွက်မှာ သောက်သုံးရေပြတ်လပ်မှုကြောင့် စည်ပင်သာယာရေးကော်မတီနဲ့ မီးသတ်ဌာနတို့က သောက်သုံးရေ လာရောက်လှူဒါန်းကြပါတယ်။ အခုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ ကြီးကြပ်မှု၊ စည်ပင်သာယာရန်ပုံငွေနဲ့ ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေတို့ပူးပေါင်းပြီးတော့ ကျေးလက်ဦးစီးဌာနက စက်ကြီးနဲ့ စက်ရေတွင်း တွင်းနက်တူးဖော်ပေးမှုကြောင့် လှိုင်သာယာရပ်ကွက်မှာ သောက်သုံးရေနဲ့ ပတ်သက်လို့ အဆင်ပြေတော့မှာဖြစ်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဂျိုးနက်**



## မုံရွာမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးသင်တန်းဖွင့်လှစ်ပို့ချ

**မုံရွာ စက်တင်ဘာ ၁၅**

လုံခြုံစိတ်ချရမှု မရှိသော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ လုံခြုံစိတ်ချပြီး အရည်အသွေးပြည့်မီ ကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် စားသုံးသူ ပြည်သူများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ဂျာမဏီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၏ အကူအညီဖြင့် စားသုံးသူအကာကွယ်ပေးရေး သင်တန်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ စတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးမြင့်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စားသုံးသူရေးရာ အကာအကွယ်ပေးမှု လုပ်ငန်းများ၊ စားသုံးသူဆိုင်ရာ ဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးခြင်းလုပ်ငန်း၊ မူဝါဒ လေ့လာရေးနှင့် စီမံကိန်းစာရင်းအင်း ဘာသာရပ်၊ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိရေး၊ စီးပွားရေးလုပ်ငန်းရှင်များအား နစ်နာမှုမရှိစေရန် ပညာပေးဆွေးနွေးခြင်းဆိုင်ရာ အကြောင်းအရာများကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဆွေးနွေးပို့ချရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးများ၊ မြို့နယ်တာဝန်ခံများ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၁၅**

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းအခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က လက်ဝဲကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ကြပ် သန်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းကိုလည်းကောင်း၊ လူကုန်ကူးမှု ပေါ်ပေါက်လာရခြင်းနှင့် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ခြင်းမှရရှိလာမည့်အကျိုး ကျေးဇူးများကို ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ပြီး ပြန်ဆက်ဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ဒေသအသီးသီး၌ကျင်းပ

**ရှင်ဗွေယန်**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း ပယင်းခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းကကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မြေရဲစခန်းမှ ဒုရဲအုပ်ထွန်းဝင်းစိုးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ၊ မြို့ကျန်းမာရေးဌာနမှူး ဒေါက်တာကျော်မျိုးထွန်းက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအကြောင်း သိကောင်းစရာများ၊ မြို့အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မိုင်စုစုစံက အမျိုးသမီးများနှင့် လူကုန်ကူးမှုအန္တရာယ်၊ မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းက လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်တားဆီး ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဓာတ်ပုံပြခန်းငယ်များဖြင့် ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**တွန်းဇံ**

ချင်းပြည်နယ် တွန်းဇံမြို့၌ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တွန်းဇံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်တာဝန်ခံ ဒုတိယရဲမှူးသိန်းဝင်းက လူကိုလူချင်း လူကုန်ကူးမှုဆိုင်ရာများ၊ လူကုန်ကူးသူများကျင့်သုံးလေ့ရှိသည့် နည်းလမ်းများ၊ လူကုန်ကူးသူတို့၏ အဓိကပစ်မှတ်ထားသည့် မိသားစုများအကြောင်း သိကောင်းစရာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးမိုးဝင်းအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**တီးတိန်**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က အမှာစကားပြောကြားခဲ့ပြီး ဒုတိယသမ္မတ ပြောကြားသည့်မိန့်ခွန်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေလင်းက ဖတ်ကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဥက္ကာကျော်က လူကုန်ကူးမှုဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြီးနောက် မြို့မရဲစခန်းမှ ဒုတိယရဲမှူးဝင်းနိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များအား Power Point ဖြင့် ပြသရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

**တောင်ကြီး**

မြန်မာနိုင်ငံရဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှစတင်ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နှစ်အလိုက်လုပ်ငန်းစီမံချက်ပါ မူဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနဲ့ စွမ်းရည်မြှင့်တင်ရေး စတဲ့ကဏ္ဍ (၅) ရပ်အောက်မှာ ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ထူးခြားလုပ်ဆောင်မှုများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် အကြံပြုသုံးသပ် ပြောကြားခဲ့သည်။

ရှမ်းပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကြီးတင့်ရွှေက လူကုန်ကူးမှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်နှင့် ရှမ်းပြည်နယ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ၁၀ မိနစ်စာ နောက်ခံစကားပြော ဗီဒီယိုခွေပြသခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

**မိုးနဲ**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက လူကုန်ကူးမှုဆိုင်ရာ တားဆီးကာကွယ်ရေး သရုပ်ပြတင်ဆက်မှုဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက်ဖြစ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားနိုင်ရေးကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး၊ ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးနှင့် လူကုန်ကူးခံရသူများ၏ဆိုးကျိုးများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**မန္တလေး**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စား World Vision မှ ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုအား ပြသခဲ့သည်။ ယင်းနောက် WorldVison မှစီစဉ်သည့် ‘လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး’ တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး နည်းဗျူဟာ (၄) ရပ်ချမှတ်ပြီး အိမ်နီးချင်း ထိုင်း၊ တရုတ်၊ အာဆီယံနိုင်ငံများ၊ ဩစတြေးလျနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူကုန်ကူးမှု ၁၄ မှုဖော်ထုတ်အရေးယူခဲ့ပြီး ပြစ်မှုကျူးလွန်သူအမျိုးသား ကိုးဦး၊ အမျိုးသမီး၂၂ ဦး စုစုပေါင်း ၃၁ ဦးကို အရေးယူခဲ့ပြီး လူကုန်ကူးခံရသူ အမျိုးသမီး ၂၆ ဦးကို ကယ်တင်နိုင်ခဲ့သည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လူကုန်ကူးမှုကိုးမှုဖော်ထုတ်အရေးယူခဲ့ပြီး ပြစ်မှုကျူးလွန်သူ စုစုပေါင်း ၂၈ ဦးကို အရေးယူခဲ့ပြီး လူကုန်ကူးခံရသူ စုစုပေါင်း ၂၂ ဦးကို ကယ်တင်နိုင်ခဲ့သည်။

**သီဟကိုကို(မန္တလေး)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများကို Power Point ဖြင့် ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ဟောပြောခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အဆင့်ဌာဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာဆိုင်ရာတာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ပေးခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**မလှိုင်**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝေက လူကုန်ကူးမှုအကြောင်းကို ဟောပြောခဲ့သည်။ ယင်းနောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်နီလာအောင်က လူကုန်ကူးမှုဆိုင်ရာဥပဒေများအကြောင်းကို ပညာပေးဟောပြောခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုပြသထားရာ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းနှင့် ဒေါ်သီတာငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

**ပဲခူး**

ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ Mobile စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းနှင့်အတူ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမော်ဦးက အဖွင့်အမှာစကားပြောကြားပြီး အမှတ် ၃ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်အောင်ကိုကိုထွန်းက လူကုန်ကူးမှုဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားလာစေရန်ရည်ရွယ်၍ သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသပြီး Mobile စာကြည့်တိုက်ဖွင့်လှစ်ကာ စာဖတ်ဝိုင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(၅၈၈)**

**ကျုံပျော်**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးလောင်ရိုး အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၁၂ ရက်က သချ်ာစွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သချ်ာစွမ်းရည်ပြိုင်ပွဲသို့ ဒုတိယတန်းနှင့် တတိယတန်းတို့မှ ကျောင်းသားငါးဦးစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများရွေးချယ်ပေးအပ်ကာ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင်လည်း အသံကြည်လင်မှု၊ အဖြတ်အတောက်မှန်ကန်စွာဖြင့် အထစ်အငေါ့မရှိဖတ်နိုင်သူများကို ရွေးချယ်၍ ဆုများပေးအပ်ခဲ့ကြသည်။

ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးသောင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်မိုးမြင့်နှင့် မြန်ပြည်သားကောင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဦးမျိုးသန့်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများအား ဆွေးနွေးဟောပြောကာ လက်တွေ့သရုပ်ပြသမှုများအားဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

**ဟားခါး**

၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချင်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဒုတိယသမ္မတပြောကြားသည့် မိန့်ခွန်းကို ချင်းပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က ဖတ်ကြားပြီး ဗဟိုအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအား Video Clip ဖြင့် ပြသသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသသော နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၄)ရပ်ကွက် ဖွဲ့ကပင်ခန်းမ၌ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ကြီးမှူးပြုလုပ်ခဲ့ရာ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြား၍ ကရင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ဒုတိယသမ္မတပေးပို့သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့သဝဏ်လွှာအား ဖတ်ကြားပြီး လူကုန်ကူးမှုအသိပညာပေး မှတ်တမ်းဗီဒီယိုအား ပြသခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ပရိသတ်များအား ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်၊ ဗီနိုင်းပိုစတာများအား ဝေငှပေးခဲ့သည်။ ယင်းအပြင် တက်ရောက်လာသည့် ပရိသတ်များနှင့် ကျောင်းသားလူငယ်လေးများ အလွယ်တကူသိနိုင်၊ မြင်နိုင်၊ လေ့လာနိုင်ရေးအတွက် မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးမှုများကို မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ခင်းကျင်းပြသထားကာ ကျောင်းသားလူငယ်လေးများ၏ သိရှိလို၍ မေးမြန်းမှုများကို ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထက ကျောင်းခန်းမ၌ ပြုလုပ်သော လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မောင်တောခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးညီညီလွင်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေနှင့် ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရ ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ခဲ့ပြီး ဓာတ်ပုံများကိုလေ့လာကြည့်ရှုခဲ့သည်။

**အောင်ကျော်စိန်(ခရိုင်/ပြန်ဆက်)**

အီတလီစီးရီးအေရင်ခုန်သံ-၄

# ဂျူဗင်တပ်ကိုဟန့်တားဖို့ခက်တဲ့အင်တာမီလန်

အီတလီစီးရီးအေပွဲစဉ်-၄ ကိုလာမယ့် စက်တင်ဘာ ၁၇၊ ၁၈၊ ၁၉ နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဖီယိုရင်တီးနားနဲ့ ရိုးမားတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို ဂျူဗင်တပ်ကလည်း အင်တာမီလန်နဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်မလားဆိုတာစောင့်ကြည့်ရမယ်။

ရှိုင်း
မင်း
မင်း

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | |
|---|---|
| ကယ်လီဂျွန်( နာပိုလီ) | - ၄ ဂိုး |
| ကက်ဆီ(အတ္တလန္တာ) | - ၄ ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၄ ဂိုး |
| အစ်ကာဒီ( အင်တာမီလန်) | - ၃ ဂိုး |
| ဘက်ကာ( အေစီမီလန်) | - ၃ ဂိုး |
| ဟီဂူအင်( ဂျူဗင်တပ်) | - ၃ ဂိုး |
| ပါရော့တီ( ရိုးမား) | - ၃ ဂိုး |



**ပွဲစဉ် (၃)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၃ | ၃ | ၀ | ၀ | ၆ | ၂ | ၄ | ၉ |
| ၂ | နာပိုလီ | ၃ | ၂ | ၁ | ၀ | ၉ | ၄ | ၅ | ၇ |
| ၃ | ရိုးမား | ၃ | ၂ | ၁ | ၀ | ၉ | ၄ | ၅ | ၇ |
| ၄ | ဂျီနိုအာ | ၂ | ၂ | ၀ | ၀ | ၆ | ၂ | ၄ | ၆ |
| ၅ | ဆမ်ဒိုးရီးယား | ၃ | ၂ | ၀ | ၁ | ၅ | ၄ | ၁ | ၆ |
| ၆ | အူဒီးနီးစ် | ၃ | ၂ | ၀ | ၁ | ၃ | ၄ | -၁ | ၆ |
| ၇ | ဘိုလော့နာ | ၃ | ၂ | ၀ | ၁ | ၄ | ၆ | -၂ | ၆ |
| ၈ | ပက်စ်ကာရာ | ၃ | ၁ | ၁ | ၁ | ၆ | ၄ | ၂ | ၄ |
| ၉ | ချီယေဗို | ၃ | ၁ | ၁ | ၁ | ၃ | ၂ | ၁ | ၄ |
| ၁၀ | လာဇီယို | ၃ | ၁ | ၁ | ၁ | ၅ | ၅ | ၀ | ၄ |
| ၁၁ | အင်တာမီလန် | ၃ | ၁ | ၁ | ၁ | ၃ | ၄ | -၁ | ၄ |
| ၁၂ | ဖီအိုရင်တီးနား | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ၁၃ | တိုရီနို | ၃ | ၁ | ၀ | ၂ | ၈ | ၆ | ၂ | ၃ |
| ၁၄ | အတ္တလန္တာ | ၃ | ၁ | ၀ | ၂ | ၆ | ၇ | -၁ | ၃ |
| ၁၅ | အေစီမီလန် | ၃ | ၁ | ၀ | ၂ | ၅ | ၇ | -၂ | ၃ |
| ၁၆ | အမ်ပိုလီ | ၃ | ၁ | ၀ | ၂ | ၂ | ၄ | -၂ | ၃ |
| ၁၇ | ဆာစူအိုလို | ၃ | ၁ | ၀ | ၂ | ၂ | ၆ | -၄ | ၃ |
| ၁၈ | ကယ်ဂလီယာရီ | ၃ | ၀ | ၁ | ၂ | ၄ | ၇ | -၃ | ၁ |
| ၁၉ | ပါလာမို | ၃ | ၀ | ၁ | ၂ | ၁ | ၅ | -၄ | ၁ |
| ၂၀ | ခရိုတိုနီ | ၃ | ၀ | ၀ | ၃ | ၂ | ၆ | -၄ | ၀ |

**ဆမ်ဒိုးရီးယား - အေစီမီလန်**
**နံနက် ၁း၁၅ (၁၇-၉-၁၆)**

ရိုးမားကိုတုံ့ပြန်ကစားနိုင်ခဲ့တဲ့ဆမ်ဒိုးရီယား ကအသင်းလိုက် ခြေစွမ်းပိုင်း ကောင်းမွန်နေတယ်ဆိုပေမယ့် ခံစစ်ပိုင်းကတော့ တည်ငြိမ်မှုမရှိသေးဘူး။ အေစီမီလန်ကအဝေးကွင်းမှာ နာပိုလီကို အရေးနိမ့်ခဲ့ရပေမယ့်ခြေစွမ်းပိုင်း မဆိုးတာမို့ ဆမ်ဒိုးရီးယားကို အခက်တွေ့စေနိုင်တယ်။ ကားလို့စ်ဘာကာ၊ အမ်ဘီယာနိုင်းတို့ ဦးဆောင်တဲ့ တိုက်စစ်ကလည်းကစားပုံကောင်းမွန်မှုရှိတယ်။ အူဒီးနီးကိုရှုံးနိမ့်ခဲ့ရလို့ နိုင်ပွဲရှာမယ့် အေစီမီလန်ကပ်နိုင်သွားမယ်လို့ သုံးသပ်မိတယ်။

**နာပိုလီ - ဘိုလော့နာ**
**နံနက် ၁း၁၅ (၁၈-၉-၁၆)**

နာပိုလီက ဒီပွဲမတိုင်ခင် ချန်ပီယံလိဂ်ပွဲကစားခဲ့ရလို့ပွဲပန်းမှုရှိ လာနိုင်ပေမယ့်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပြီး မီလစ်၊ မာတန်စ်၊ ကယ်လီဂျွန်တို့ဦးဆောင်တဲ့ တိုက်စစ်ကထက်မြက်မှုရှိနေတယ်။ ဘိုလော့နာကတော့ ကယ်ဂလီယာရီကိုနိုင်ခဲ့ပေမယ့်ခြေစွမ်းသာမန်သာရှိပြီး နောက်ဆုံးအဝေးကွင်းပွဲမှာလည်းတိုရီနိုကို ဂိုးပြတ်ရှုံးနိမ့်ရတဲ့အထိခံစစ်ပိုင်း အားနည်းနေလို့ နာပိုလီတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်တယ်။ နာပိုလီအသင်း အနိုင်ရရှိသွားမယ့်ပွဲပါ။

**ကယ်ဂလီယာရီ - အတ္တလန္တာ**
**ည ၇း၃၀ (၁၈-၉-၁၆)**

အဝေးကွင်းမှာ ဘလော့ညာကိုရှုံးခဲ့ပေမယ့် ကယ်ဂလီယာရီဟာ အိမ်ကွင်းမှာရိုးမားကိုသရေကစားနိုင်ခဲ့သလို ဘော်ရီရယ်လို၊ ဆာယူတို့ဦးဆောင်တဲ့တိုက်စစ်ကလည်းကစားပုံမဆိုးဘူး။ ဒါပေမယ့် အတ္တလန္တာကလည်းရှုံးအားမဆိုးလို့ကယ်ဂလီယာရီကိုအကောင်းဆုံးရင်ဆိုင်နိုင်မှာပါ။ အတ္တလန္တာရဲ့ တိုက်စစ်ကတော့ အဝေးကွင်းမှာအနည်းငယ်အားနည်းမှုရှိတယ်။ ကယ်ဂလီယာရီအသင်းတစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

**ဆာစူအိုလို - ဂျီနိုအာ**
**ည ၇း၃၀ (၁၈-၉-၁၆)**

ဂျူဗင်တပ်ကိုရှုံးနိမ့်ခဲ့တဲ့ဆာစူလိုအိုက ခြေစွမ်းပိုင်းမဆိုးပေမယ့် ဒီပွဲမတိုင်ခင်မှာ ဘီဘာဘိုနဲ့ ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်တယ်။ ဂျီနိုအာကတော့ခြေစွမ်းပိုင်းကောင်းမွန်နေသလို ခံစစ်ကလည်းကစားပုံမဆိုးဘူး။ ဒါ့အပြင် ပါဗိုလက်တီဦးဆောင်တဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေလို့ဆာစူအိုလိုခံစစ်ကို ဖိအားပေးနိုင်မှာပါ။ အဝေးကွင်း ဖြစ်ပေမယ့်ဂျီနိုအာသာ တစ်ဂိုးအသာနဲ့ အနိုင်ရသွားမယ်လို့ မြင်မိတယ်။

**အင်တာ - ဂျူဗင်တပ်**
**ည ၁၀း၃၀ (၁၈-၉-၁၆)**

ဒီပွဲမတိုင်ခင် နှစ်သင်းစလုံး ဥရောပပွဲတွေကစားခဲ့ရတာကိုသတိပြုရမှာပါ။ အင်တာမီလန်ကခြေစွမ်းပိုင်း မဆိုးပေမယ့်တိုက်စစ်ပိုင်း အားနည်းမှုရှိနေလို့ ဂျူဗင်တပ်ခံစစ်ကိုဖိအားပေးနိုင်ဖို့ခက်တယ်။ ဂျူဗင်တပ်က တိုက်စစ်ပိုင်း အနည်းငယ်အားနည်းပေမယ့် ခံစစ်ပိုင်းက ကစားအားမဆိုးဘူး။ ဆာစူအိုလိုကိုအနိုင်ရခဲ့တဲ့ ဂျူဗင်တပ်အသင်း သာအင်တာမီလန်ကို ထိန်းချုပ်ကစားနိုင်ဖို့ရှိပြီးတစ်ဂိုးအသာနဲ့ ထပ်မံအနိုင်ရသွားနိုင်တယ်။

**လာဇီယို - ပက်စ်ကာရာ**
**ည ၁၀း၃၀ (၁၇-၉-၁၆)**

ချီယေဗိုနဲ့သရေကျခဲ့ပေမယ့်လာဇီယိုက အိမ်ကွင်းပွဲမှာ ဂျူဗင်တပ်လိုအသင်းကို အကောင်းဆုံးရင်ဆိုင်နိုင်ခဲ့တယ်။ ဒါပေမယ့် ဒီပွဲမှာလာဇီယိုရဲ့ အဓိကတိုက်စစ်ကစားသမားဖြစ်တဲ့ အမ်မိုလ်ဘိုင်းပါဝင်နိုင်ဖို့ မသေချာလို့ လာဇီယို တိုက်စစ်ပိုင်းအားနည်းမှုရှိလာနိုင်တယ်။ ပက်စ်ကာရာကကစားပုံမဆိုးပေမယ့် လာဇီယိုအသင်းခံစစ်ကို ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ နိုင်ပွဲပြန်ရှာမယ့်လာဇီယို ကပ်နိုင် သွားဖို့များတယ်။

**အူဒီးနီးစ် - ချီယေဗို**
**ညနေ ၅း၀၀ (၁၈-၉-၁၆)**

အူဒီးနီးစ်က အမ်ပိုလီနဲ့အေစီမီလန်ကိုဆက်တိုက်အနိုင်ရခဲ့တယ် ဆိုပေမယ့်ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံမရှိသေးသလိုတိုက်စစ်ကလည်း အိမ်ကွင်းမှာ အားနည်းမှုအနည်းငယ်ရှိနေတယ်။ ချီယေဗိုက အသင်းလိုက်ကစားပုံမဆိုးတာကြောင့်အူဒီးနီးစ်ကိုအကောင်းဆုံးရင်ဆိုင်နိုင် စွမ်းရှိတယ်။ ဒါပေမယ့် ချီယေဗိုအသင်းရဲ့ တိုက်စစ်မှူးတွေက အဝေးကွင်းမှာ ဂိုးသွင်းခြေရဖို့ ရုန်းကန်နေရတယ်။ အူဒီးနီးစ်ကပ်နိုင်သွားဖို့ များတယ်။

**ခရိုတိုနီ - ပါလာမို**
**ည ၇း၃၀ (၁၈-၉-၁၆)**

ခရိုတိုနီအသင်းရဲ့ တိုက်စစ်နဲ့ခံစစ်အားနည်းမှုရှိနေပေမယ့် အိမ်ကွင်းမှာရလဒ်ကောင်းရရှိဖို့ အားစိုက်လာမှာမို့ပါလာမိုအတွက် ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ အိမ်ကွင်းမှာ နာပိုလီကိုရှုံးနိမ့်ခဲ့ရတဲ့ ပါလာမိုက အဝေးကွင်းမှာအင်တာမီလန်ကို သရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုရှိတယ်။ နှစ်သင်းပေါင်းဂိုးနည်းနည်းနဲ့ သရေကျနိုင်တယ်။

**တိုရီနို - အမ်ပိုလီ**
**ည ၇း၃၀ (၁၈-၉-၁၆)**

အတ္တလန္တာကိုရှုံးခဲ့ရပေမယ့် တိုရီနိုရဲ့ ခြေစွမ်းပိုင်းမဆိုးဘူး။ ဒါပေမယ့်အဓိကတိုက်စစ်မှူးဘာလော့တီဒဏ်ရာကြောင့်ပါဝင်နိုင်မှာမဟုတ်လို့ တိုက်စစ်ပိုင်း အနည်းငယ်အားနည်းလာနိုင်တာကို သတိပြုရမယ်။ အမ်ပိုလီက ခြေစွမ်းပိုင်း သာမန်သာရှိ သလိုခံစစ်အားနည်းမှုကိုလည်း ပြင်ဆင်နိုင်ခြင်းမရှိသေးဘူး။ အမ်ပိုလီရဲ့ တိုက်စစ်ကလည်း အားနည်းမှုရှိနေတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် တိုရီနိုအသင်းကပ်နိုင်သွားဖို့များတယ်။

**ဖီအိုရင်တီးနား - ရိုးမား**
**နံနက် ၁း၁၅ (၁၉-၉-၁၆)**

ဖီအိုရင်တီးနားရဲ့ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းအားလည်းရှိနေလို့ ရိုးမားအသင်းအနေနဲ့ ရလဒ်ကောင်းရဖို့ ရုန်းကန်ရမှာပါ။ ဖီအိုရင်တီးနားခံစစ်ကအိမ်ကွင်းမှာကစားပုံမဆိုးလို့ခံစစ်ပိုင်းအားနည်းမှုရှိနေတဲ့ ရိုးမားအသင်းအနေနဲ့ ရုန်းကန်ရနိုင်တယ်။ ဒါပေမယ့် ဖီအိုရင်တီးနားအသင်းတိုက်စစ်ကလည်း အကောင်းဆုံးပုံစံရရှိခြင်းမရှိသေးဘူး။ ဆမ်ဒိုးရီးယားကိုအခက်အခဲကြားကအနိုင်ယူခဲ့ရိုးမားရဲ့ ရုန်းအားကြောင့် သရေကျသွားဖို့များတယ်လို့ သုံးသပ်မိတယ်။

# ပေါ့ဘာအား ရောင်းချခြင်းမှာ မှန်ကန်သည့်လုပ်ရပ်ဟု ပီယာလို သုံးသပ်

ဂျူဗင်တပ်အသင်းသည် ယခုနှစ်နွေဈေးကွက်တွင် ပေါ့ဘာအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် မန်ယူသို့ရောင်းချခဲ့ခြင်းမှာ မှန်ကန်သည့်လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဂျူဗီကွင်းလယ်လူဟောင်း ပီယာလိုက ရှုမြင်သည်။

ပေါ့ဘာသည် မန်ချက်စတာဒါဘီတွင် ကစားခဲ့သည့်ခြေစွမ်းကြောင့် လောလောဆယ်ဝေဖန်ခံမှုများနှင့် ရင်ဆိုင်နေရပြီး မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကမူ ယင်းစကားသံများမှာ ပေါ့ဘာအား မနာလို၍ ပြစ်တင်နေကြခြင်းသာဖြစ်ကာ မကြာမီအချိန်အတွင်း အကောင်းဆုံးပုံစံဖြင့် ပြန်လည်ကစားပြီး ဝေဖန်မှုများ မှားယွင်းကြောင်း သက်သေပြနိုင်လိမ့်ဦးမည်ဟု ကာကွယ်ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပေါ့ဘာကို ရောင်းချခဲ့ပြီးနောက် ရရှိသည့်ငွေကြေးဖြင့် ဟီဂူအင်၊ ဒန်နီအဲဗက်စ်၊ ပီယာနစ်၊ ဘန်နာတီယာ၊ ပီယာကာတို့အား ထပ်မံအားဖြည့်ခေါ်ယူခဲ့ရာ စီးရီးအေပွဲစဉ် သုံးပွဲလုံးနိုင်ပွဲဆက်နေပြီး ချန်ပီယံလိဂ် ဗိုလ်စွဲရန်ရေပန်းစားမှုအဆင့်မှာလည်း ပြီးခဲ့သည့်နှစ် ရာသီကထက် မြင့်တက်လာခဲ့သည်။ ဟီဂူအင်မှာလည်း ဂျူဗင်တပ်အတွက် စီးရီးအေသွင်ဂိုး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ရာ ဂျူဗင်တပ်အသင်းသည် တိုက်စစ်ပိုင်းအတွက် အရန်သင့်အသုံးပြုနိုင်သည့် ကစားသမားကိုခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

ပီယာလိုက ယခုနှစ် အပြောင်း အရွှေ့ဈေးကွက်တွင် မှန်ကန်သည့် ကစားသမား အဝင်အထွက် ပြုလုပ်နိုင်သည့် အသင်းနှစ်သင်းမှာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီနှင့် ဂျူဗင်တပ်တို့သာဖြစ်ပြီး ဆရာဟောင်း ကွန်တီကိုင်တွယ်နေသည့် ချယ်လ်ဆီးအသင်းမှာလည်း ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံဖြစ်မည်ဟု ဟောကိန်းထုတ်လိုက်သည်။

မေလှဲ့သင်း

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# ရှေ့နေကောင်းနှင့် ဥပဒေသော့တစ်ချောင်း

**ခ မောင်စာဂ**

**ကောင်းသောရှေ့နေရှေ့ရပ် သို့မဟုတ် ရှေ့နေရှေ့ရပ်ကောင်း**

ကျွန်ုပ်က "ရှေ့နေရှေ့ရပ်ကောင်းတို့ဟူသည် မိမိ၏အမှု အနိုင်ရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မှန်ကန်ခြင်း၊ မျှတခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းတည်းဟူသော လက်နက်ကိုစွဲကိုင်ကာ ဥပဒေကပေးအပ်ထားသော အခွင့်အာဏာကို တရားနည်းလမ်းကျစွာကျင့်သုံးလျက် မိမိ၏အမှုသည်ကို အမှုမှလွတ်ရာ လွတ်ကြောင်း၊ သက်သာရာ သက်သာကြောင်း ဆောင်ရွက်နိုင်စွမ်းရှိသောသူသည် ရှေ့နေရှေ့ရပ်ကောင်းဖြစ်သည်" ဟုဆိုခဲ့သည်။

ကျွန်ုပ်၏အဆိုအပေါ် တပည့်ရှေ့နေအချို့က ဤသို့ မေးမြန်းမှုပြုလာခဲ့သည်။ "ရှေ့နေ တစ်ယောက်အနေနဲ့ မှန်ကန်ရမယ်၊ မျှတရမယ်၊ ဥပဒေနှင့်ညီညွတ်ရမယ်ဆိုတော့ အမှုကို လွတ်အောင် ဘယ်လိုလုပ်ဆောင်ရွက်နိုင်တော့ပါ့မလဲ။ အမှုသည်တွေကလည်း ဘယ်လိုလုပ်လာပြီး ငှားရမ်းတော့မှာလဲ" ဟူ၍ဖြစ်သည်။ ဒီတော့ ပြန်လည်ရှင်းပြရတော့သည်။

**အမေရိကန်သမ္မတဟောင်း အီဗရာဟင်လင်ကွန်း၏ပြောစကား**

အမေရိကန်သမ္မတဟောင်း အီဗရာဟင်လင်ကွန်းသည် သမ္မတမဖြစ်မီက ရှေ့နေတစ်ဦး ဖြစ်ခဲ့သည်။တစ်နေ့သောအခါတွင် လူသတ်မှု ကျူးလွန်သူတစ်ဦးက အမှုကို လိုက်ပါဆောင်ရွက်ပေးရန် အမှုလာအပ်သည်။ ရှေ့နေကြီးလင်ကွန်းက လက်ခံလိုက်သည်။ ထိုစဉ် သူ၏တပည့်က "ဆရာ - ဆရာက ပြည်သူတွေအပေါ် အင်မတန်မှကြင်နာသနားတတ်တယ်။ တရားမျှတမှုကို လိုလားတယ်။ အမှန်တရား ဖြစ်စေလိုတယ်။ ဒီလိုစိတ်ကောင်းစေတနာတွေရှိနေပါလျက် လူကို သတ်လာတဲ့သူတစ်ဦးက ရှေ့နေလိုက်ပေးဖို့ အမှုလာအပ်တာကို ဘာကြောင့် လက်ခံလိုက်ရတာလဲ" ဆိုပြီးမေးသည်။ သည်အခါ ရှေ့နေကြီးလင်ကွန်းက "သူက လူသတ်မှု ကျူးလွန်လာခဲ့တယ်ဆိုတာ ငါ့ရှေ့မှာပြောတာ။ ငါ့ရှေ့မှာသာ သူဝန်ခံတာ။ သူအမှန်တကယ်သတ်တာ ဟုတ်၊ မဟုတ် တရားရုံးမှာ စစ်ဆေးရဦးမယ်။ သတ်ရင်လည်း ဘာကြောင့် ဒီလူသတ်မှုကို သူကျူးလွန်ရတာလဲ။ ဥပဒေအရ ဘယ်လိုအကာအကွယ်တွေ ရှိနေသလဲ။ ဘယ်လို သက်သာခွင့်တွေ ပေးထားသလဲ။ ဒါတွေကို တရားရုံးမှာ စစ်ဆေးကြည့်ကြရဦးမယ်လေ" ဆိုပြီး ပြန်ပြောခဲ့သည်။ သူပြောခဲ့သည့် စကားလုံးအတိုင်း အတိအကျတော့ မမှတ်မိတော့ပါ။ သို့သော် အနှစ်သာရကတော့ အခုဖော်ပြခဲ့သည့်အတိုင်း ဖြစ်သည်။

ဤအကြောင်းကို ဖတ်ခဲ့ဖူးသည်မှာ ကြာပါပြီ။ သို့တစေ ယနေ့ထိတိုင် မေ့မသွားခဲ့ပါ။ အတုယူဖွယ် စိတ်ထားဖြစ်သည်။ မြင့်မြတ်သည့်စိတ်ထားဖြစ်သည်။ ကျွန်တော် ပြောပြောနေသည့် ဥပဒေစိတ်ထားမျိုးဖြစ်သည်ဆိုလျှင် မှားမည်မထင်ပါ။

**ဥပဒေသော့တစ်ချောင်း**

ဥပဒေတိုင်းတွင် သော့တစ်ချောင်း ရှိတတ်စမြဲပင်။ ဘယ်လိုသော့အမျိုးအစားလဲ။ ဘယ်မှာ ရှိနေသလဲ။ ဘယ်မှာရှာရမလဲ။ ဒါကိုသိဖို့လိုသည်။ မြင်တတ်ဖို့လိုသည်။ ရှာတတ်ရမည်။ တွေ့အောင်ရှာနိုင်ရမည်။ တွေ့လျှင် အဲဒီသော့နှင့်ခတ်ထားသော သော့ခလောက်ကိုဖွင့်ပါ။ ပွင့်သွားပါလိမ့်မည်။ ဥပဒေကပေးထားသော အကာအကွယ်တွေ ရယူနိုင်ကြပါလိမ့်မည်။ ဥပဒေက ပေးထားသော သက်သာခွင့်တွေ ရရှိခံစားနိုင်ကြပါလိမ့်မည်။ မှန်ကန်ခြင်း၊ မျှတခြင်းဆိုသည့် အသီးအပွင့်တွေကို ဥပဒေနှင့်အညီ ဆွတ်ခူးရယူနိုင်ကြပါလိမ့်မည်။

ဥပဒေသော့ ဘယ်နေရာမှာရှိနေသလဲ။ ပြောရရင်တော့ အကြောင်းအရာ အချက်အလက်တွေက သိရှိထားကြပြီးဖြစ်နေပါလိမ့်မည်။ ထိုထိုသော အကြောင်းအချက်တွေထဲက ရှိနေသည့် သော့တစ်ချောင်းကို တွေ့အောင်ရှာဖွေတတ်ကြဖို့၊ ရှာတွေ့လျှင် ခတ်ထားသော သော့ခလောက်ကို ပွင့်အောင်ဖွင့်တတ်ကြဖို့ ဥပဒေသော့တစ်ချောင်းကို လက်ဆောင်အဖြစ် ဝေငှပေးပါရစေ။

**တရားဥပဒေ၏ အခြေခံသဘောတရားမူ**

တရားဥပဒေ၏အခြေခံသဘောတရားမူများကို စွဲစွဲမြဲမြဲမှတ်သားထားရမည်။ ဥပမာပြရလျှင် တရားဥပဒေသည် အပြစ်ကျူးလွန်သူ ၁၀ ယောက် လွတ်ချင်လွတ်သွားပါစေ၊ အပြစ်မရှိသူတစ်ယောက် အပြစ်မပေးမိစေဖို့ အစဉ်ဦးတည်သည်။ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းမရှိပါ။ မည်သူ့ကိုမျှခုခံချေပခွင့်မရရှိဘဲ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုနိုင်ပါ။

အမှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိသည်။ တရားရုံး၏ခွင့်ပြုချက် မရရှိက နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခွင့်မရှိပါ။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေနှင့် မဆန့်ကျင်ပါက မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်။ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ရှိသည်။ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့် ရှိသည်။ တိုင်းရင်းသားလူမျိုး တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ စသည်စသည် များစွာရှိနေပေ၏။

**ရှေ့နေရှေ့ရပ်ကောင်းတို့ဟူသည် မိမိ၏အမှု အနိုင်ရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မှန်ကန်ခြင်း၊ မျှတခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းတည်းဟူသော လက်နက်ကိုစွဲကိုင်ကာ ဥပဒေကပေးအပ်ထားသော အခွင့်အာဏာကို တရားနည်းလမ်းကျစွာကျင့်သုံးလျက် မိမိ၏အမှုသည်ကို အမှုမှလွတ်ရာ လွတ်ကြောင်း၊ သက်သာရာ သက်သာကြောင်း ဆောင်ရွက်နိုင်စွမ်းရှိသောသူသည် ရှေ့နေရှေ့ရပ်ကောင်းဖြစ်သည်**

**ကင်းလွတ်ရမြဲအချက်များ**

ပြစ်မှုကျူးလွန်သော်လည်း ပြစ်မှုမမြောက်ကြောင်း ဥပဒေအရ ကင်းလွတ်ခွင့်ပေးထားသော အချက်များကို နှံ့နှံ့စပ်စပ်သိထားရမည်။ ဥပမာပြရလျှင် တရားစီရင်ရာတွင် တရားသူကြီးက သဘောရိုးဖြင့် ပြုလုပ်မှု၊ ဥပဒေအရ ပြုပိုင်သူတစ်ဦးက သဘောရိုးဖြင့်ပြုလုပ်မှု၊ ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ပြုရာတွင် မတော်တဆဖြစ်ခဲ့ရသည့် ပြုလုပ်မှု၊ ရာဇဝတ်မကင်းသောအကြံမရှိဘဲ တခြားသောဘေးအန္တရာယ်ကို တားဆီးလိုသဖြင့် ဘေးအန္တရာယ်ဖြစ်စေတန်ရာသောပြုလုပ်မှု၊ အသက် ခုနစ်နှစ် အောက်ကလေး၏ပြုလုပ်မှု၊ အမြော်အမြင် အဆင်အခြင် မပြည့်စုံသေး၍ အသက် ခုနစ်နှစ်အထက်၊ ၁၂ နှစ်အောက်အရွယ်ရှိသောကလေး၏ ပြုလုပ်မှု၊ စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှု၊ မိမိမသိ အလိုမတူဘဲ တစ်ပါးသူကတိုက်ကျွေးသဖြင့် မသိနိုင်သူတို့၏ ပြုလုပ်မှု၊ အထူးအသိဉာဏ် သို့မဟုတ် အထူးအကြံနှင့်ပြုမှ ပြစ်မှုမြောက်မည့် ပြုလုပ်မှုကို မူးယစ်နေသောသူကပြုလုပ်မှု၊ ကာကွယ်ခုခံပိုင်ခွင့်အရ ပြုသောပြုလုပ်မှု စသည်တို့သည် ပြစ်မှုကျူးလွန်ခြင်း မမြောက်ပါ။ ဤကဲ့သို့ ဥပဒေက ကင်းလွတ်ခွင့်ပေးထားခြင်းများ များစွာရှိနေပေ၏။

**ခြွင်းချက်ပေးထားသောအချက်များ**

ပြစ်မှုမမြောက်ကြောင်း ဥပဒေက ခြွင်းချက်ပေးထားခြင်းများကို ရှာရှာဖွေဖွေလေ့လာထားရမည်။ ဥပမာပြရလျှင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီး ကျူးလွန်သူကို လက်သင့်ခံသောသူသည် ထိုကျူးလွန်သူ၏ လင် သို့မဟုတ် မယားဖြစ်လျှင် ပြစ်မှုကျူးလွန်ရာမရောက်ပါ။ မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာပျက်စေရန်သော်လည်းကောင်းဖြစ်စေရန် လှုံ့ဆော်ခြင်း သို့မဟုတ် လှုံ့ဆော်ရန်အားထုတ်ခြင်းမရှိဘဲ အစိုးရ၏ ဆောင်ရွက်မှု အစီအစဉ်ကို ဥပဒေနှင့်ညီသောနည်းဖြင့် ပြောင်းလဲပြုပြင်စေရန်ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ခြင်းသည် ပြစ်မှုကျူးလွန်ရာမရောက်ပါ။ စစ်ပြေးကိုလက်သင့်ခံခြင်းအမှုတွင် မယားကလင်ကို လက်သင့်ခံခြင်းဖြစ်ပါက ပြစ်မှုမမြောက်ပါ။ အသရေဖျက်မှုဖြင့် စွဲဆိုသောအမှုတွင် မှန်ကန်သောစွပ်စွဲချက်ကို အများပြည်သူအကျိုးအတွက်ပြုလုပ်ခြင်း၊ ကြေညာခြင်း၊ တရားရုံးတစ်ခု၏ မှုခင်းဆောင်ရွက်ချက်များ သို့မဟုတ် ဆောင်ရွက်ပြီးပြတ်ပုံကို မှန်ကန်စွာကြေညာခြင်း၊ တစ်ဦးတစ်ယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိသူက သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ မိမိ၏အကျိုးကို သို့မဟုတ် အခြားသူ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန် သဘောရိုးဖြင့် စွပ်စွဲခြင်းစသည်တို့သည် ပြစ်မှုကျူးလွန်ရာမရောက်ပါ။ စသည်စသည်များစွာ ရှိနေပေ၏။

**သက်သေထင်ရှားပြရန်တာဝန်ရှိခြင်း**

သက်သေထင်ရှားပြရန် တာဝန်ထားရှိခြင်းနှင့် သက်သေခံချက်များ၏ အကျိုးသက်ရောက်ပုံ အဖုံဖုံတို့ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ထားရမည်။ ဥပမာပြရလျှင် ပြစ်မှုကျူးလွန်ကြောင်း အထင်အရှားသက်သေပြရမည့်တာဝန်ကို အစဉ်သဖြင့် စွပ်စွဲသူအပေါ်တွင်ထားရှိသည်။ စွပ်စွဲသူ၏ စွပ်စွဲချက်များထဲတွင် ရှိနေသည့် ပျော့ကွက်ဟာကွက်များကို စွပ်စွဲခံရသူဘက်မှ တွေ့ရှိရသည့် အားနည်းချက်များနှင့်ဖြည့်၍ သုံးသပ်ခြင်း မပြုနိုင်။ စွပ်စွဲချက်များသည် ကွင်းဆက်ပြတ်၍မရ။ ကွင်းဆက်မပြတ် စွပ်စွဲချက်များဖြစ်နေရမည်။ တိုက်ရိုက်မြင်တွေ့သိရှိရသည့် သက်သေခံချက်များဖြစ်ရမည်။ တစ်ဆင့်ကြားသက်သေခံချက်များ မဖြစ်ရ။ စွပ်စွဲခံရသူအပေါ်တွင် အပြစ်ရှိသည် သို့မဟုတ် အပြစ်မရှိဟူသော ကောက်ချက်နှစ်မျိုးပေါ်ပေါက်လာလျှင် စွပ်စွဲခံရသူအား အသာပေးသည့် ကောက်ချက်ကိုသာယူ၍ အဆုံးအဖြတ်ပြုရသည်။ စွပ်စွဲခံရသူသည် ပြစ်မှုကျူးလွန်သူဟုတ်မှဟုတ်ပါ့မလားဟု လုံလောက်သောသံသယတွေဖြစ်ပေါ်နေလျှင် ယင်းသံသယ၏အကျိုးကို စွပ်စွဲခံရသူကသာ ခံစားခွင့်ရှိပေသည်။ စသည်စသည်များစွာ ရှိနေပေ၏။

**တရားစွဲဆိုရန်ခွင့်ပြုမိန့်လိုအပ်ခြင်းများ**

ဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းတော့မည်ဆိုလျှင် ပြုလုပ်ရမည့်အချက်များ၊ မပြုလုပ်ရမည့်အချက်များ (တားမြစ်ထားချက်များ)ထည့်သွင်းပြဋ္ဌာန်းကြရသည်။ မပြုလုပ်ရဟု တားမြစ်ထားချက်များကို မလိုက်နာဖောက်ဖျက်က တရားစွဲဆိုအရေးယူနိုင်ဖို့ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ထည့်သွင်းပြဋ္ဌာန်းရသည်။ ဤသည်ကို သေသေချာချာ ဖတ်ရှုမှတ်သားဖို့လိုသည်။ အချို့သော ဥပဒေများ၌ ဥပဒေပါတားမြစ်ပြဋ္ဌာန်းချက်များကို မလိုက်နာဖောက်ဖျက်သူများအား သက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ၏ ကြိုတင်ခွင့်ပြုချက်၊ ခွင့်ပြုချက်၊ သဘောတူညီချက်ရရှိမှသာလျှင် တရားစွဲဆိုအရေးယူမှုပြုနိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားလေ့ရှိသည်။ ဤသည်တို့မှာ မသိမရှိ သိရှိထားရမည့်အချက်များဖြစ်ပေ၏။

**သော့ကိုမည်သို့ရှာဖွေမည်နည်း**

ဥပဒေသော့တစ်ချောင်းတွေ့ရှိနိုင်သည့်နေရာများကို အကျဉ်းမျှသာခကထုတ်၍ ဖော်ပေးခဲ့သည်။ ဤသို့ဆိုလျှင် "အခြားမည်သည့်နေရာတွေမှာရှိနိုင်သလဲ" ဆိုသည်ကို ဆက်စပ်လေ့လာ၍ ရှာဖွေနိုင်ကြမည်ဖြစ်ပေသည်။

အမှုကိုလက်ခံပြီးသည်နှင့်တစ်ပြိုင်နက် အမှုသည်ထံမှ အမှုနှင့်ပတ်သက်သည့် ပြောကြားချက်များကို အပြည့်အစုံရအောင်ယူပါ။ အမှု၏ဖြစ်စဉ်ကို သေချာစွာလေ့လာပါ။ စွပ်စွဲခံရသော ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် ချိန်ထိုးကြည့်ပါ။ အံချကြည့်ပါ။ တိုက်ကြည့်ပါ။ ခတ်ထားသော သော့ခလောက်က ဘာလဲ၊ ဘာအမျိုးအစားလဲ၊ ဆန်းစစ်ပါ။ ရှာဖွေပါ။ သိပြီဆိုလျှင် ဖွင့်ရမည့်သော့ကိုလည်း တွေ့ပြီဟုသာဆိုရပါမည်။ သို့သော် အမှုတိုင်းတော့ လွယ်လွယ်ကူကူနှင့် ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ပေ။ ကိုယ်တွေ့သောသော့သည် သော့အစစ်ဖြစ်မှသာ ဖွင့်၍ရပေမည်။ သော့အတုဆိုက ဖွင့်၍ရမည်မဟုတ်။ ထို့ကြောင့် သော့အစစ်တော့ဖြစ်ဖို့လိုသည်။

**ဥပဒေသော့ရှာပုံရှာနည်းလေးမျိုး**

ပထမနည်းသည်ကား အမှုကို စစ်ဆေးခြင်းမပြုမီ မိမိ၏အမှုသည်ထံမှ အမှုနှင့်ပတ်သက်သည့် ညွှန်ကြားချက်အပြည့်အစုံကို ရယူ၍ ရှာဖွေသည့်နည်းဖြစ်သည်။ တွေ့လည်း တွေ့ရတတ်သည်။ တွေ့လျှင်ယင်းသော့ကို ကိုင်စွဲ၍ခတ်ထားသော သော့ခလောက်ကို ဖွင့်ဖို့ကြိုးစားရပေမည်။

ဒုတိယနည်းသည်ကား တရားလိုနှင့်တရားလိုပြသက်သေများကို စစ်ဆေးသည့်အခါ ပြန်လှန်မေးခွန်းများမေး၍ ရှာဖွေသည့်နည်းဖြစ်သည်။ ပထမနည်းလမ်းဖြင့် ရှာဖွေမတွေ့ရှိသည့်အခါ ကျင့်သုံးသည့်နည်းဖြစ်သည်။ သက်သေများ၏ အဓိကထွက်ဆိုချက်များနှင့် ပြန်လှန်မေးခွန်းမေးမြန်းသည့်အခါ ထွက်ဆိုချက်များအပေါ် အခြေပြု၍ ရှာဖွေရသည်။ တွေ့လျှင် ယင်းသော့ကို ကိုင်စွဲ၍ ခတ်ထားသောသော့ခလောက်ကို ဖွင့်ဖို့ကြိုးစားရပေမည်။

တတိယနည်းသည်ကား ပထမနည်းနှင့် ဒုတိယနည်း နှစ်ရပ်ကိုပေါင်း၍ ရှာဖွေသောနည်း ဖြစ်သည်။ ပထမနည်းဖြင့် ရှာဖွေခြင်းပြုရာ၌ မသေချာမရှင်းလင်းတွေ့ရသည့်အခါ ဒုတိယနည်းဖြင့် ပေါင်းစပ်၍ ရှာဖွေခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

စတုတ္ထနည်းသည်ကား တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးသည့်အခါ ပြန်လှန်စစ်မေးခြင်း တစ်စုံတစ်ရာမပြုဘဲ တရားလိုနှင့် တရားလိုပြသက်သေများ၏ အဓိကစစ်မေးစဉ်က ထွက်ဆိုချက်များ သက်သက်အပေါ် အခြေပြု၍ ရှာဖွေသောနည်းဖြစ်သည်။ စွဲဆိုထားသော အမှုသည် ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းနှင့် ခုခံဖြေရှင်းရမည့်အမှုမျိုးဖြစ်လျှင် ဤနည်းကို ကျင့်သုံးတတ်ကြသည်။ သို့သော် သည်ကနေ့ ကျင့်သုံးကြသည်ကို မတွေ့ရပေ။ ကျင့်သုံးရကောင်းမှန်းလည်း သိသူရှေ့နေကြီးများ အလွန်နည်းပါးပါလိမ့်မည်။ ဤနည်းကို ကျင့်သုံးလျှင် စွပ်စွဲခံရသူသည် တရားရုံး၏ စွဲချက်တင်သည့် အမိန့်ချမှတ်ခြင်းကို ခံရပါလိမ့်မည်။ စွဲချက်တင်ပြီးသည့်အခါကျမှ စွဲချက်မတင်မီ စစ်ဆေးထားပြီးဖြစ်သည့် တရားလိုနှင့် လိုပြသက်သေအားလုံးကို ပြန်ခေါ်သက်သေအဖြစ်ခေါ်ယူ၍ ပြန်လှန်စစ်မေးခြင်းများ ပြုလုပ်ရသည်။ ယင်းအခါကျမှ မိမိတွေ့ရှိထားသော သော့ကိုကိုင်စွဲ၍ ခတ်ထားသော သော့ခလောက်ကို ဖွင့်ဖို့ကြိုးစားရပေမည်။ ဤနည်းသည်ကား သော့အစစ်အမှန်ကို ပို၍ရှာဖွေတွေ့ရှိနိုင်ပေသည်။

**သော့ဖွင့်ပုံဖွင့်နည်း**

ဥပဒေသော့တော့ရှာတွေ့ပြီ။ မည်ကဲ့သို့ဖွင့်မည်နည်း။ ဥပဒေသော့တစ်ချောင်းကို တွေ့အောင် ရှာတတ်ဖွေတတ်ဖို့က ခက်သည်မှန်၏။ သော့ကိုရှာဖွေတွေ့ရှိပြီးသော်လည်း ယင်းသော့နှင့် ဖွင့်တတ်ဖို့ဆိုသည်ကား ပို၍ခက်ခဲပါပေသည်။ သော့ဖွင့်ပုံဖွင့်နည်း ပြောပြပါဆိုလျှင် ပုံသေကားကျ ချပြပြီး ရေးမှတ်ပြောပြဖို့က ဖြစ်နိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ပါနည်း။ တူညီသောပုဒ်မများနှင့် စွဲဆိုထားသောအမှုများဖြစ်သော်လည်း ဥပမာ လူသတ်မှုပုဒ်မဖြင့် စွဲဆိုသောအမှုများ ပုဒ်မချင်းတူသော်လည်း အမှုဖြစ်ပျက်ပုံခြင်းမတူနိုင်၊ နေရာဌာနချင်းမတူနိုင်၊ တွေ့ရှိထားသော သက်သေခံပစ္စည်းများ မတူညီနိုင်၊ တင်ပြထားသော သက်သေများမတူနိုင်။ ထို့ကြောင့် ဖွင့်ပုံဖွင့်နည်း တူညီနိုင်မည်မဟုတ်ပေ။

အဓိကအချက်ကိုပြောရလျှင် မိမိမည်သည့်သော့နှင့်ဖွင့်မည်၊ မိမိဖွင့်မည့်သော့အမျိုးအစားသည် မည်သည့်သော့အမျိုးအစားဖြစ်သည်ကို တတ်နိုင်သမျှ တစ်ဖက်ရှေ့နေသိမသွားဖို့က အရေးကြီးသည်။ သက်သေထွက်ဆိုချက်များအပေါ် ချင့်ချင့်ချိန်ချိန်နှင့် စစ်မေးသွားတတ်ရမည်။ သက်သေ၏အခြေအနေကို အကဲခတ်တတ်ရမည်။ မည်သည့်သက်သေကိုစစ်လျှင် မည်သည့် အကြောင်းအချက်တွေ မေးမြန်းသွားရမည်ကို ကြိုတင်မှန်းဆထားရမည်။ ကြိုတင်ပြင်ဆင်ထားရမည်။ တစ်ခါတစ်ရံ သက်သေကို စစ်ဆေးမေးမြန်းနေစဉ် မိမိကြိုတင်မှန်းဆထားချက်မျိုး ဖြစ်လာချင်မှဖြစ်လာမည်။ ထိုအခါမျိုးတွင်လည်း ဖြစ်လာသည့် အခြေအနေပေါ် မူတည်၍ ချက်ချင်း မိမိက လမ်းကြောင်းပြောင်းမေးတတ်ရမည်။ တစ်ခါတစ်ရံ စစ်ဆေးရင်းစစ်ဆေးရင်းနှင့်နောက်ထပ် ဥပဒေသော့တစ်ချောင်းတွေ့လာတတ်သည်။ ထိုအချိန်ခါမှာလည်း မိမိကမလွတ်တမ်း ယင်းသော့ကို အရယူ၍ အသုံးချတတ်ရသည်။ တစ်ခါတစ်ရံ သော့ကို တစ်ချက်တည်းနှင့် ဖွင့်လိုက်လျှင် ပွင့်တတ်သည်မျိုးရှိသလို အဆင့်ဆင့်ဖွင့်မှ ပွင့်သွားတတ်တာမျိုးလည်းရှိသည်။ ထိုအခါမျိုးတွင် အဆင့်ဆင့်ဖွင့်သွားနိုင်အောင် ကြိုးစားကြရမည်။ ဤသည်ပင်လျှင် ရှေ့နေတို့၏ အတတ်ပညာ (Art of Advocacy)ဖြစ်သည်။ သင်ယူမှတတ်သည့် အတတ်ပညာမျိုးမဟုတ်။ ကြိုတင်သင်ယူထား၍လည်းမရ။ စစ်ဆေးမှုပြုနေစဉ် လျှပ်တစ်ပြက်ပေါ်ပေါက်လာသည်များကို ကျော်လွှားသွားနိုင်အောင် ဆောင်ရွက်ကြရသည်။ ပင်ကိုကပင်ရှိနေတတ်သည့် အတတ်ပညာဖြစ်သည်ဟု ဆိုချင်သည်။

စွဲဆိုထားသောအမှုတွင် ဥပဒေသော့တစ်ချောင်းရှိနေသည်ကို ထင်ထင်ရှားရှားသိနိုင်ပါလျက် ထိုသော့ကို မရှာတတ်၊ မဖွင့်တတ်သဖြင့် မိမိအမှုသည်မှာ ဥပဒေကပေးထားသော အကာအကွယ်များ မရရှိဘဲ လက်လွတ်ဆုံးရှုံးသွားရခြင်းမျိုးကြုံရတတ်သည်။ ထို့ကြောင့်ပင်လျှင် ရှေ့နေငှားမှ ထောင်လုံးလုံးကျ ဆိုသည့်ဆိုရိုးစကား ဖြစ်လာရသည်ဟု ဆိုရပေမည်လော။

**ဥပဒေသော့ဟူသည်**

ဥပဒေသော့တစ်ချောင်းဟူသည်ကား မိမိ၏အမှုသည်အပေါ် ထားရှိသည့် စွပ်စွဲချက်များကို မည်သို့မည်ပုံ ပြန်လည်ခုခံချေပရမည်ကို ရှာဖွေခြင်းဖြစ်သည်။ ရှာဖွေ၍ တွေ့ရှိရသည့် ခုခံချေပရေး လမ်းကြောင်းသည် ဥပဒေသော့တစ်ချောင်းပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် စွပ်စွဲခံရသူအား တားဆီးပိတ်ပင်ထားခြင်းခံရသည့် ဥပဒေကပေးထားသော အကာအကွယ်များ၊ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များ၊ သက်သာခွင့်များကိုရယူဖို့ သော့တစ်ချောင်းနှင့် တင်စားကာ ဥပဒေသော့ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ ဥပဒေကပေးထားသောသော့ကို တွေ့အောင်ရှာ၍ ခတ်ထားသော သော့ခလောက်ကို ဥပဒေနှင့်ညီစွာဖွင့်ပြီး ဥပဒေကပေးထားသော အကာအကွယ်များ၊ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များ၊ သက်သာခွင့်များကို ဥပဒေနှင့်အညီ ရယူသွားဖို့ဖြစ်သည်။ ဤသို့စွမ်းဆောင်ပေးသွားနိုင်မည်ဆိုလျှင် အမှုသည်များအတွက် အားကိုးအားထား ပြုထိုက်သည့် ရှေ့နေကောင်းတစ်ဦးဖြစ်လာပေမည်။ ဥပဒေကပေးအပ်ထားသော အကာအကွယ်၊ အခွင့်အရေး၊ ရပိုင်ခွင့်၊ ခံစားခွင့်နှင့် သက်သာခွင့်တို့ကို ဥပဒေနှင့်အညီ တရားနည်းလမ်းကျစွာ ရယူဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရကျိုးနပ်ပေမည်။

ဤသို့ဆောင်ရွက်ပေးခြင်းသည် ဥပဒေနှင့်အညီ ဥပဒေဘောင်အတွင်းက ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် မှန်ကန်သည်။ မျှတသည်။ ဥပဒေနှင့်ညီညွတ်ပေသည်။ ဥပဒေကပေးအပ်ထားသော အခွင့်အာဏာကို တရားနည်းလမ်းကျစွာကျင့်သုံးလျက် မိမိ၏အမှုသည်ကို အမှုမှလွတ်ရာလွတ်ကြောင်း၊ သက်သာရာသက်သာကြောင်း ဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် တရားစီရင်ရေး မဏ္ဍိုင်တည့်မတ်မှန်ကန်စေရေး၊ အထောက်အကူပြုရာရောက်ပေသည်။ တရားဥပဒေစိုးမိုးရေးကို ဦးတည်ဆောင်ရွက်ရာ ရောက်ပေမည်။

ထိုထိုသောအကြောင်းကြောင့် ကျွန်ုပ်က "ရှေ့နေရှေ့ရပ်ကောင်းတို့ဟူသည် မိမိ၏အမှုအနိုင်ရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မှန်ကန်ခြင်း၊ မျှတခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်းတည်းဟူသော လက်နက်ကိုစွဲကိုင်ကာ ဥပဒေကပေးအပ်ထားသော အခွင့်အာဏာကို တရားနည်းလမ်းကျစွာကျင့်သုံးလျက် မိမိ၏အမှုသည်ကို အမှုမှလွတ်ရာလွတ်ကြောင်း၊ သက်သာရာ သက်သာကြောင်း ဆောင်ရွက်နိုင်စွမ်းရှိသောသူသည် ရှေ့နေရှေ့ရပ်ကောင်း ဖြစ်သည်" ဟူ၍ ဆိုလိုက်ရခြင်းဖြစ်ပေသည်။

**ရှေ့နေရှေ့ရပ်ကောင်းများ တိုး၍တိုး၍ပေါ်ထွန်းလာပါစေ။ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေး အထောက်အကူပြုနိုင်ကြပါစေ။ တရားဥပဒေစိုးမိုးရေး ဦးတည်ဆောင်ရွက်နိုင်ကြပါစေ။**

■■■

## အခြေခံပန်းချီရေးဆွဲနည်း သုံးခွမြို့နယ်၌ ဖွင့်လှစ်သင်ကြား

**သုံးခွ စက်တင်ဘာ ၁၅**

မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ စာပေကိုပိုမိုဖတ်ရှုလာစေရန်၊ ဉာဏ်ပညာထက်မြက်ဖွံ့ဖြိုးလာစေရေးကို အထောက်အကူပြုစေရန်နှင့် မြို့နယ်ရုံးစာကြည့်တိုက်ကို အသုံးပြုလာတတ်စေရန် ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံပန်းချီပညာရေးဆွဲနည်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ရုပ်မြင်သံကြားခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးက ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပန်းချီပညာရှင် ဦးစီသန်း(ကိုပုလဲ)က မိတ်ဆက်စကား ပြောကြားခဲ့သည်။

ယင်းအခြေခံ ပန်းချီပညာရေးဆွဲနည်းကို မြို့ပေါ်ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်သည်။ **ကြည်စိုးလွင်(သုံးခွ)**

## စစ်ဘေးရှောင်ပြည်သူများအတွက် တိုင်းမှူးနှင့်အဖွဲ့က အခြေခံစားသောက်ကုန်ပစ္စည်းများ လာရောက်ပေးအပ်

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခွန်မျိုးတင့်၊ နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့တို့က အခြေခံစားသောက်ကုန်များ လာရောက်ပေးအပ်ပွဲ အခမ်းအနားကို မြတ်ပန်းဝတ်မှုံခန်းမဆောင်၌ စက်တင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက စစ်ဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားပြီး တိုင်းမှူးနှင့်အဖွဲ့က အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်၊ အသားတု၊ မားမားခေါက်ဆွဲနှင့် မုန့်များ လှူဒါန်းခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

## ဆင်ရုပ်ငယ်ပြုလုပ်သူများကို ငွေကြိုတင်ပေးကာ မှာယူသည့်တိုင်အောင် ခက်ခဲစွာဝယ်ယူနေရ



**ကျောက်ဆည် စက်တင်ဘာ ၁၅**

သီတင်းကျွတ် ဆင်ပွဲတွင် ဆင်ရုပ်ငယ်များ လက်ဆောင်အဖြစ်ဝယ်ယူသလို ဆင်လှူပွဲအတွက်လည်း ဝယ်ယူမှုများပြားသည့်အတွက် ဆင်ရုပ်ငယ်ပြုလုပ်သူများကို ငွေကြိုပေးကာ ဆင်ရုပ်မှာသည့်တိုင်အောင် ခက်ခဲလျက်ရှိကြောင်း ဆင်ရုပ်ရောင်းချသူတစ်ဦးကပြောသည်။

ကျောက်ဆည်မြို့ကို မြန်မာနိုင်ငံ၏ ဆင်မြို့တော်ဟုပင် တင်စားထားသည်။ ရှေးအစဉ်အဆက်က ပြုလုပ်ခဲ့သော ဆင်လှူပွဲတော်နှင့်အတူ ကျောက်ဆည်ဆင်ပွဲမှာ သက်တမ်းရှည်သော မြန်မာ့ရိုးရာပွဲပင်ဖြစ်သည်။ ကျောက်ဆည်မြို့ရောက်သူများမှာ အမှတ်တရ လက်ဆောင်အဖြစ် ဆင်ရုပ်ငယ်ကလေးများကို ဝယ်ယူလေ့ရှိသည်။ ဆင်ရုပ်ငယ်များမှာ မိုစနစ်ကိုသုံးကာ စက္ကူဖြင့်လှပစွာပြုလုပ်ရောင်းချပြီး ရိုးရိုးဆင်၊ ဘော်ချယ်ဆင်ဟူ၍ ကွဲပြားကာ ဈေးနှုန်းပြောင်းလဲသွားတတ်သည်။

လက်ရှိကာလတွင် ကျောက်ဆည်ဆင်ပွဲနီးသည့်အတွက် ဆင်ရုပ်ငယ်များကို ဖောက်သည်ယူရောင်းချသူများမှာ ဆင်ရုပ်ငယ်လုပ်သူများကို ငွေကြိုတင်ပေးကာ အော်ဒါမှာယူလာကြသည်။ ကျောက်ဆည်ဆင်ပွဲလာပရိသတ်များမှာ ဆင်ပွဲလာရင်း ဆင်ရုပ်ကလေးများကို အမှတ်တရဝယ်ယူခြင်း၊ ဆင်လှူပွဲအတွက် ဆင်ရုပ်ငယ်များကို ဝယ်ယူခြင်းများပြုလုပ်သည့်အတွက် ဆင်ရုပ်ရောင်းသူများက ကြိုတင်မှာထားသည့်တိုင်အောင် မရရှိဘဲ ခက်ခဲနေတတ်သည်။ ဖောက်သည်ယူသည့် ဆိုင်များကို လိုသလောက်မပေးနိုင်ဘဲ မျှပေးနေရကြောင်း သိရသည်။

လက်ရှိကာလတွင် ဆင်အသေးတစ်ကောင်လျှင် ငွေကျပ် ၁၅၀၀၊ ကျပ် ၂၅၀၀၊ ကျပ် ၆၅၀၀ နှင့် ကျပ် ၇၅၀၀ တန်အဖြစ် ရောင်းချလျက်ရှိသည်။ ဈေးနှုန်းကွာခြားခြင်းမှာ ဆင်ရုပ်အသေး၊ အကြီး ကွာခြားသလို ဘော်ချယ်ပါခြင်း၊ မပါခြင်းအပေါ်တွင် မူတည်ကာ ဈေးနှုန်းကွဲပြားသွားခြင်းဖြစ်သည်။ ကျောက်ဆည်မြို့မှာ ရှေးယခင်ကပင် ဆင်များကျက်စားရာမြို့ဟုလည်း ဆိုထားသည်။ အနော်ရထာမင်းလက်ထက်တွင် ကျောက်ဆည်မြို့သူ မြို့သားများမှာ အနော်ရထာကျေးဇူးကို တုံ့ပြန်ကာ မင်းတရားကောင်းမှုဖြစ်သော သာလျောင်းမြတ်စွာဘုရား၊ ပြက္ခရွှေတောင်မြတ်စွာဘုရား၊ ရှင်ပင်ရွှေဆပ်သွားဘုရားတို့အား နှစ်စဉ်နှစ်တိုင်း ဆင်လှူပွဲတော်ကျင်းပကာ ဆင်ရုပ်ပဒေသာဖြင့် လှူဒါန်းပူဇော်ကြသည်။ ထိုဆင်လှူပွဲကျင်းပခြင်းမှ အစပြုကာ ဆင်ပွဲကိုအစဉ်အဆက် ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ကျောက်ဆည်ဆင်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပကြသည်။ ပွဲတော်မတိုင်ခင် ဝါဝင်သည့်အချိန်မှစကာ ကလေးဆင်၊ သဘာဝဆင်၊ အလှဆင်၊ ဘော်ချယ်ဆင်များဖြင့် ဆိုကလျက် အလှူခံလေ့ရှိသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက် နေ့တွင် ဆင်ပွဲကို မြို့လုံးကျွတ်ဆင်များစွာဖြင့် ဆင်အကပြိုင်ပွဲများ ဆင်နွှဲပြီး ၁၅ ရက်တွင် ရွှေသာလျောင်းတော်ပေါ်တက်ကာ ရွှေဆင်၊ ငွေဆင်ရုပ်ကလေးများကိုင်ကာ ရွှေသာလျောင်းစေတီတော်မြတ်ကို လက်ျာရစ် သုံးကြိမ်လှည့်လည်ပူဇော်ပြီး ရွှေဆင်၊ငွေဆင်ရုပ်များနှင့်အတူ မုန့်ဖြင့်ပြုလုပ်ထားသော ဆင်ဆယ်မျိုးကို ရွှေသာလျောင်းစေတီတော်မြတ်အား ဆက်ကပ်လှူဒါန်းကြသည်။ **တိမ်တမန်**

## ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ဖရူဆို စက်တင်ဘာ ၁၅**

၂၀၁၆ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ညောင်ဇင် ပရဟိတ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်မှုကို ဖရူဆိုမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း၊ စခန်းမှူး ဒုရဲမှူးဇော်လင်းတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ညောင်ဇင်ပရဟိတ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသား ကျောင်းသူများက နံနက် ၈ နာရီမှ စတင်ကာ တပျော်တပါး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဦးကျော် (ဖရူဆို)**

ကြေးမုံ



## ကျွန်းလှတွင်ကျေးလက်လမ်းတံတားများ ကွင်းဆင်းကြည့်ရှု



**ကျွန်းလှ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဂျပန်နိုင်ငံ (JICA)အဖွဲ့မှ ကျေးလက်လမ်းတံတားများဆောင်ရွက်မှု၊ နှစ်တိုနှစ်ရှည်စီမံကိန်းများ ဆောင်ရွက်သည့်စနစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ချက်များကို စက်တင်ဘာ ၁၃ ရက်က ကြည့်ရှုပြီး နည်းလမ်းဖြည့်ဆည်းပေးရန်လိုအပ်ချက်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ (JICA) အဖွဲ့နှင့်အတူ ကန့်ဘလူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ ကျွန်းလှကျေးလက်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတို့လိုက်ပါပြီး တပ်ကုန်းကျေးရွာ ၄၉ နှစ်သက်တမ်းရှိ တံတားအား ကွန်ကရစ်တံတားဖြစ်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ယာယီပြောင်းရွှေ့လာသည့်ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ရှိ မဲသဝေါဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းသည့်အတွက် ဒေသခံတိုင်းရင်းသားများသည် စက်တင်ဘာ ၉ ရက်မှစ၍ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးများနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးချုပ်တို့က အခြေခံစားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယင်းနေ့ သွားရောက်ထောက်ပံ့သည့်ပစ္စည်းများမှာ တစ်ပတ်စာဆန် အိတ် ၁၈၀၊ ဆီ ၅၈၄ လီတာ၊ တာပေါ်လင် ခြောက်လိပ်၊ ကျားလုံချည်၊ မလုံချည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ဆပ်ပြာ၊ နှစ်ယောက်အိပ်ခြင်ထောင် စသည်တို့ပါဝင်သော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး ၅၈၄ စုံ တို့ဖြစ်သည်။ ထို့အတူ ပြည်နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များမှလည်း လိုအပ်သည့် စားသောက်ကုန်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

“ဒီနေ့အစီအစဉ်မှာ တစ်ပတ်စာ ဆန်ရိက္ခာ၊ ဆီ၊ ကယ်ဆယ်ရေးပစ္စည်းတွေပေးပါမယ်။ အဲဒီလို ကျွန်တော်တို့ဝန်ကြီးဌာနကပေးလိုက်တဲ့ ဒီပစ္စည်းတွေနဲ့ အကုန်လုံးပြေလည်သွားမယ်လို့ မမျှော်လင့်ပါဘူး။ ဒါပေမယ့်လို့ အထိုက်အလျောက်တော့ဖြင့် အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဆက်လက်ပြီးတော့လည်း အတတ်နိုင်ဆုံး ပံ့ပိုးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကူညီနေပါမယ်” ဟု ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းရာတွင် ပြောကြားသည်။

မြိုင်ကြီးငူအထူးဒေသတွင် ရှမ်းရွာသစ်မြို့မှ ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ ၂၀ ရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု၊ ၆၇၅ စု လူဦးရေ ၃၈၇၄ ဦးတို့သည် ယာယီပြောင်းရွှေ့လာသည့်အတွက် မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာ ကျောက်စာကွင်းတို့တွင် ယာယီစခန်းများဖွင့်လှစ်ထားရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံ ဆရာတော်များ၊ ဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ စစ်ဘေးရှောင်မိသားစုဝင်များအား မြိုင်ကြီးငူဆေးရုံတာဝန်ခံ ဒေါက်တာသန်းထိုက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများမှ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်ပညာရေးမှူး ဒေါ်မိုးပုလဲစိုးနှင့် ဆရာ၊ ဆရာမများက ကျောင်းနေအရွယ်ကလေးများအား စာသင်ကြားပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝသည့် အစားအစာများထောက်ပံ့

**ပင်လည်ဘူး စက်တင်ဘာ ၁၅**

မျိုးဆက်သစ်ရင်သွေးငယ်ကလေးများ အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သန်စွမ်း ဉာဏ်ရည်ဖွံ့ဖြိုးစေရန်အတွက် ကသာခရိုင် ပင်လည်ဘူးမြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝသည့် အစားအစာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝသည့် အစားအစာများထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ငွေငွေဝင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ကျန်းမာရေးနှင့်ပတ်သက်သည့် အစားအသောက်များ ဆောင်ရန်၊ ရှောင်ရန်တို့ကိုပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင် ၂၃ ဦးနှင့် နို့တိုက်မိခင် ၂၁ ဦးတို့ကို ကြက်ဥများ၊ အိုင်အိုဒင်းဆားများနှင့် အခြားအသုံးအဆောင်ပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## မိုးကုတ်ဒေသတွင် လက်ဖက်စိုက်ခင်းများမှ ဒေသခံများပုံမှန်ဝင်ငွေရရှိနေ



**မိုးကုတ် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် လက်ဖက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ဖက်ခြံပိုင်ရှင်များနှင့် လက်ဖက်ခူးသူများ ပုံမှန်ဝင်ငွေရရှိနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့တောင်ပေါ်ဒေသမှာတော့ လက်ဖက်ခြံတွေအများကြီးပဲ။ အူလုံမျိုးနှင့် ဒေသမျိုးဆိုပြီး နှစ်မျိုးပဲစိုက်တာများတယ်။ တောလက်ဖက်မျိုးစိုက်တာတော့နည်းတယ်။ လက်ဖက်ပင်က နှစ်ရှည်ပင်ဆိုတော့ တစ်ခါစိုက်ပြီးရင် ပုံမှန်ခူးရမ်းပေးရုံပဲ။ အောက်ကပေါင်းပင်၊ မြက်ပင်တွေ လက်ဖက်ပင်ပေါ် မတက်အောင်လို့လေ။ ဒါမှအပင်ဖြစ်တာ။ လက်ဖက်ခူးတာက တန်ခူးလ၊ ကဆုန်လဆိုရင်တော လှိုင်လှိုင်ပဲ။ ခုချိန်ကတော့ မိုးတွင်းဆိုတော့ ၁၀ ရက်ခြားတစ်ခါလောက်ခူးတာ။ ဒီမှာတော့ လက်ဖက်ခြံပိုင်ရှင်နဲ့ လက်ဖက်ခူးသူ တစ်ဝက်စီခွဲယူကြတယ်။ ဥပမာ တစ်နေ့ကို လက်ဖက်ခူးသူက ၁၀ ပိဿာခူးနိုင်ရင် ခြံပိုင်ရှင်က ငါးပိဿာ၊ လက်ဖက်ခူးသူက ငါးပိဿာပေ့ါ။ ခုရွာမှာတင် လက်ဖက်ရွက်တစ်ပိဿာကို ငွေကျပ် ၁၃၀၀ ကျော် ပေါက်တယ်။ လက်ဖက်ခင်းမှရရှိလာသော လက်ဖက်များကို တချို့က စက်နဲ့ပေါင်း၊ စက်နဲ့လိပ်သူတွေလည်းရှိတယ်။ ကျွန်မတို့ကတော့ ဒယ်အိုးနဲ့ထည့်ပြီးပေါင်း၊ ပြီးရင်လိပ်နေအောင် ကိုယ်တိုင်လက်နဲ့နယ်ပေးရတယ်။ ပြီးရင်အခြောက်လှန်း။ ရွာမှာတော့ လက်ဖက်ခြောက်လှန်းရောင်းတာများတယ်။ ဈေးကောင်းရလို့လေ။ လက်ဖက်စိုငါးပိဿာလောက်မှ လက်ဖက်ခြောက်တစ်ပိဿာလောက်ရတာ။ လက်ဖက်ခြောက်တစ်ပိဿာကို ရွာမှာတင် ငွေကျပ် ၁၀၀၀၀ လောက်ဈေးပေါက်တယ်။ ဒီမှာက အူလုံမျိုးနဲ့ ဒေသမျိုးပဲများတော့ အခါးဓာတ်များတော့ လက်ဖက်ခြောက်လုပ်ရောင်းကြတာများတယ်။ လက်ဖက်စိုက တောလက်ဖက်မျိုးကမှ ပိုကောင်းတာ။ ရွာမှာတော့ လက်ဖက်ခူးပြီး လက်ဖက်ခြောက်လုပ်ရောင်းကြတာ ပင်တော့ပင်ပန်းတယ်။ ပုံမှန်ဝင်ငွေရတော့ အဆင်တော့ပြေပါတယ်” ဟု မိုးကုတ်မြို့နယ် ဂွေးပင်ကျေးရွာမှ ဒေါ်ခင်စန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် တောင်ပေါ်ဒေသတွင် ကျောက်တွင်းတူးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အဓိကစီးပွားရေးပြုလုပ်ကြပြီး မျှစ်ချိုးခြင်း၊ လက်ဖက်ခူးခြင်း၊ တောင်ယာလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လာရောက်စစ်ဆေးကုသပေး

**နောင်တရား စက်တင်ဘာ ၁၅**

ပြည်သူလူထု ကျန်းမာရေးဗဟုသုတ တိုးပွားရေးနှင့် လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ပင်လောင်းမြို့နယ် နောင်တရားမြို့ တီကျစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းနားတွင် ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းထွေးက သွေးလွန်တုပ်ကွေးရောဂါလက္ခဏာအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပါက မိမိနှင့်လက်တစ်ကမ်းတွင်ရှိသော ဆေးဝါးများဖြင့် မကုသရန်၊ ဆေးရုံတွင်ပြသကုသမှုခံယူရန်၊ ခြင်ကျားအန္တရာယ်ကို ကာကွယ်ရန်အတွက် ခြင်ပေါက်ပွားမှုမရှိအောင် မိမိအိမ်ပတ်လည်တွင် သန့်ရှင်းရေးဆောင်ရွက်ရန်၊ ညအိပ်ချိန်တွင် ခြင်ထောင် ထောင်အိပ်ရန်၊ သောက်ရေကိုလည်း စစ်ပြီးမှသောက်သုံးရန်နှင့် တီကျစ်ကျေးရွာတွင် သွေးလွန်တုပ်ကွေးလက္ခဏာများတွေ့နေရပြီး ကလေးလူကြီးပါမကျန် ဖြစ်တတ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကို အထူးဂရုပြုကာကွယ်သင့်ကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ပညာရေးဘော်ဒါဆောင်များ၊ ဈေးဆိုင်များ၊ ခြင်အောင်းနိုင်သောနေရာများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဇော်မင်းခိုင်(၂) နှင့် ဝန်ထမ်းနှစ်ဦးတို့က ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူလူထုအခြေပြု ကျန်းမာရေး ဆေးခန်းတွင် ရောဂါများစစ်ဆေးပေးခြင်း၊ သွားဘက်ဆိုင်ရာရောဂါများ ကုသပေးခြင်း၊ မကျန်းမာသောလူနာများအား ကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုတွင် ပင်လောင်းမြို့နယ်ဆေးရုံမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းထွေး၊ နောင်တရားတိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာနှင်းလွင်လွင်ဦး၊ တီကျစ်တိုက်နယ်ဆေးရုံ တာဝန်ခံ ဒေါက်တာနန်းနှင်းသဲထွန်းနှင့် သွားဘက်ဆိုင်ရာဒေါက်တာ ဦးဝင်းစိုးနှင့် ကျန်းမာရေးသူနာပြုဝန်ထမ်းများ၊ ပင်လောင်းစည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးဇော်မင်းခိုင်(၂) နှင့် ဝန်ထမ်းနှစ်ဦးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင် ဒေသခံပြည်သူ ၂၀၀ ကျော် လာရောက်ကုသမှု ခံယူခဲ့ကြကြောင်း သိရသည်။

**နောင်တရား(ပြန်/ဆက်)**

## ပြည်တွင်းထုတ်စားသုံးဆီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ မန္တလေးတွင်ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၅**

ပြည်တွင်းထုတ်စားသုံးဆီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များအသင်းခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနေ့ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းအဖွဲ့ဝင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များအသင်းအမှုဆောင်များ၊ အသင်းဝင်ဆီလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်အေးက ပြည်တွင်းထုတ်စားသုံးဆီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီအရည်အသွေးနှင့် ဆီစစ်နည်းစနစ်များအား တင်ပြသည်။

ဆက်လက်၍ SUNDEX PRO-CESS ENGINEER PVT.LTD မှ ပညာရှင် Mr.Rohan Gulati က ခေတ်မီဆီကြိတ်စက်များဖြင့် အရည်အသွေးမြင့် သန့်စင်စားသုံးဆီများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်နိုင်မှုလုပ်ငန်းစဉ်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသောဆီစက်လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းရာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကုမ္ပဏီမှတ်ပုံတင်ခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများ

မောင်ဒီကာ

မြန်မာနိုင်ငံတွင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာမှာ သွက်လက်မြန်ဆန်စွာ မှတ်ပုံတင်နိုင်ရေးအတွက် ဖြေလျှော့မှုများကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ရာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကုမ္ပဏီတည်ထောင်လိုတဲ့ စီးပွားရေးလုပ်ငန်းများအနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ မှတ်ပုံတင်ရာတွင်လည်း နှစ်ရက်သာကြာမြင့်ပြီး မှတ်ပုံတင်ကြေးမှာလည်း ကျပ်ငါးသိန်းသာ ကုန်ကျတော့မှာပဲဖြစ်ပါတယ်။

ယခုအခါ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းကို ရန်ကုန်မြို့တွင်သာမက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများဖြစ်တဲ့ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊တောင်ကြီး၊ မုံရွာ၊ ထားဝယ်နှင့် ပုသိမ်မြို့တို့မှာလည်း မှတ်ပုံတင်နိုင်ပါတယ်။ ယခုစက်တင်ဘာလအတွင်းမှာလည်း ကရင်ပြည်နယ် ဘားအံမြို့မှာ ရုံးခွဲထပ်မံဖွင့်လှစ်တော့မှာပဲ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးတွေမှာ ရုံးခွဲတွေဖွင့်လှစ်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာပင် ကျန်ရှိနေသေးတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ရုံးခွဲများကို ဆက်လက်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၄) အရ မှတ်ပုံတင်ကုမ္ပဏီအမျိုးအစား ခွဲခြားသတ်မှတ်ထားမှုသည် ဗြိတိသျှကုမ္ပဏီဥပဒေမူဘောင်ကို အသုံးပြုနေတဲ့ နိုင်ငံများဖြစ်တဲ့ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ ဥပဒေများကဲ့သို့ပင် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။ ယင်းသို့ ခွဲခြားသတ်မှတ်မှုဟာဆိုရင် စီးပွားရေးလုပ်ငန်းများအတွက် ပြောင်းလွယ် ပြင်လွယ်နိုင်မှုအရှိဆုံးဖြစ်စေတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အသစ်ပြန်လည်ရေးဆွဲလျက်ရှိတဲ့ မြန်မာကုမ္ပဏီများဥပဒေမှာလည်း လက်ရှိသတ်မှတ်ထားတဲ့ ကုမ္ပဏီအမျိုးအစားများအတိုင်း ဆက်လက်ပြီး သတ်မှတ်သွားမှာပဲ ဖြစ်ပါတယ်။

**ကုမ္ပဏီတည်ထောင်ခြင်း၏ အကျိုးကျေးဇူးများ**

မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတစ်ခုဟာဆိုရင် ဥပဒေဆိုင်ရာ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ခုပဲ ဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီဟာ သက်ဆိုင်ရာ ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုခွင့်၊ ငွေချေးယူခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဥပဒေနှင့်အညီ တရားစွဲဆို ပိုင်ခွင့်နှင့် ခုခံကာကွယ်ခွင့်စတဲ့ အခွင့်အရေးများကိုလည်း ခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ကုမ္ပဏီတစ်ခုဟာ ကုမ္ပဏီ၏အဖွဲ့ဝင်များ သို့မဟုတ် အစုရှယ်ယာရှင်များ သို့မဟုတ် ဒါရိုက်တာများနှင့် မန်နေဂျာများစတဲ့ လူပုဂ္ဂိုလ်များနှင့် သီးခြားစီရပ်တည်ပါတယ်။ ကုမ္ပဏီမှ ဒါရိုက်တာများ အငြိမ်းစားယူခြင်း သို့မဟုတ် အစုရှယ်ယာရှင်များ ကွယ်လွန်ခြင်းတို့ရှိသော်လည်း ကုမ္ပဏီဖျက်သိမ်းခြင်းမပြုသမျှ ကာလပတ်လုံး ကုမ္ပဏီတစ်ခုအဖြစ်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

မှတ်ပုံတင်ကုမ္ပဏီများနှင့် ဒါရိုက်တာအဖွဲ့ဝင်များဟာ မြန်မာကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) အရ သတ်မှတ်ထားသည့် ဥပဒေဆိုင်ရာတာဝန်များဖြစ်တဲ့ ဘဏ္ဍာရေးစာရင်းများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရခြင်းစတဲ့ တာဝန်များကိုလည်း လိုက်နာရမှာဖြစ်ပြီး တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်ရပါတယ်။

လုပ်ငန်းမှာ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲဖြစ်ပါက ရင်းနှီးမြှုပ်နှံငွေကို ရှာဖွေရာမှာ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားတဲ့အတွက်လည်း ပိုမိုလွယ်ကူစေပါတယ်။ ဘာလို့လဲဆိုတော့ ရင်းနှီးမြှုပ်နှံသူတွေအတွက် အစုရှယ်ယာဝယ်ယူခြင်းဆိုတာ လုပ်ငန်းအတွက် ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူခြင်းသာဖြစ်တဲ့အတွက် ကုမ္ပဏီမှာ ရင်းနှီးငွေလိုအပ်တဲ့အခါမှာ ထပ်မံထည့်ဝင်ရန် ဥပဒေအရ တာဝန်သတ်မှတ်ထားခြင်းမရှိတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားမယ်ဆိုရင် ဝန်ကြီးဌာနများနှင့် လုပ်ငန်းဌာနများမှ ထုတ်ပေးတဲ့ လိုင်စင်များနဲ့ ခွင့်ပြုမိန့်များကို လျှောက်ထားရာမှာလည်း လွယ်ကူမှုရှိစေပါတယ်။

**အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီ အရေအတွက်မှာ ၄၉၀၀၀ ကျော် ရှိပါတယ်။ ကုမ္ပဏီအများစုဟာ အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများဖြစ်ပြီး အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကို ကန့်သတ်ထားလေ့ရှိကြပါတယ်။ အများနှင့် မသက်ဆိုင်သော ကုမ္ပဏီအဖြစ်မှတ်ပုံတင်ခြင်းအတွက် ရရှိမယ့် အကျိုးကျေးဇူးမှာ ကုမ္ပဏီရဲ့ ပေးရန်တာဝန်ကို ကန့်သတ်နိုင်ခြင်းပင်ဖြစ်ပါတယ်။ ဒါရိုက်တာတစ်ဦးချင်းစီရဲ့ ပေးရန်တာဝန်ကို ကန့်သတ်နိုင်ပြီး ကုမ္ပဏီရဲ့ ပေးရန် တာဝန်အားလုံးကို ကုမ္ပဏီပိုင်ရှင်မှ တာဝန်ယူရန် မလိုအပ်ပါဘူး။

ကုမ္ပဏီရဲ့ Own Equlity နဲ့ညီမျှတဲ့ ပေးရန်တာဝန်ကိုသာ ပြန်ပေးဆပ်ရန် တာဝန်ရှိခြင်းဖြစ်ပါတယ်။ ဆိုလိုရင်းမှာ အစုရှယ်ယာပိုင်ရှင်များရဲ့ ဘဏ္ဍာရေးဆိုင်ရာပေးဆပ်ရန်တာဝန်ကို ယင်းဒါရိုက်တာများထည့်ဝင်ထားသည့် အစုရှယ်ယာနဲ့ညီမျှသည့်ပမာဏကို ပေးရန်တာဝန်အဖြစ် သတ်မှတ်ပေးခြင်းဖြစ်ပါတယ်။

အများနှင့် မသက်ဆိုင်သော ကုမ္ပဏီများသည် အများအားဖြင့် လုပ်ငန်းကြီးများနှင့် ချိတ်ဆက်၍ အထောက်အပံ့ပြုပေးလျက်ရှိသည့် မိသားစုပိုင်လုပ်ငန်းငယ်များအဖြစ် ရပ်တည်ကြခြင်း ဖြစ်ပါတယ်။ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများဟာ ၎င်းတို့ရဲ့ အစုရှယ်ယာများကို အများပြည်သူသို့ ရောင်းချခြင်း မပြုလုပ်နိုင်ပါဘူး။ အများအားဖြင့်အများနှင့်မသက်ဆိုင်သောကုမ္ပဏီများဟာ အသေးစားနှင့် အလတ်စားလုပ်ငန်းများသာ ဖြစ်လေ့ရှိပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများကို နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာကုမ္ပဏီဟူ၍ အမျိုးအစားနှစ်မျိုးခွဲခြားနိုင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီဆိုသည်မှာ နိုင်ငံခြားကော်ပိုရေးရှင်း သို့မဟုတ် နိုင်ငံခြားသားတစ်ဦးဦးတို့မှ အနည်းဆုံး ရှယ်ယာတစ်စုပိုင်ဆိုင်ထားတဲ့ ကုမ္ပဏီကို ဆိုလိုခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄) မှာ ဖော်ပြထားပါတယ်။ မြန်မာကုမ္ပဏီ ဆိုသည်မှာ နိုင်ငံခြားကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီကို ဆိုလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံခြားသားပိုင် ရှယ်ယာတစ်စုပါဝင်သည့် ကုမ္ပဏီကို နိုင်ငံခြားကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပေးခြင်းဖြစ်ပါတယ်။

ယခုအသစ်ရေးဆွဲလျက်ရှိတဲ့ မြန်မာကုမ္ပဏီများဥပဒေတွင်မူ ယင်းသတ်မှတ်ချက်ကို ပြောင်းလဲပေးထားပါတယ်။ ဥပဒေအသစ်တွင် ပြည်တွင်းကုမ္ပဏီ၌ နိုင်ငံခြားသားပိုင်ရှယ်ယာများ ပါဝင်နိုင်တဲ့ အတိုင်းအတာကို အစိုးရက သတ်မှတ်နိုင်ခြင်းဆိုတဲ့အချက်ကို ထည့်သွင်းထားပါတယ်။ ယင်းသို့ခွင့်ပြုပေးခြင်းအားဖြင့် ပြည်တွင်းကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားငွေ အရင်းအနှီး၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံဗဟုသုတ စသည်များ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

**အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Companies)**

အများပြည်သူများသို့ အစုရှယ်ယာများရောင်းချရန် ရည်ရွယ်ထားသည့် လုပ်ငန်းကြီးများဟာဆိုရင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် ရပ်တည်ခြင်းနဲ့ ပိုမိုသင့်လျော်မှုရှိပါတယ်။ အများပိုင်ကုမ္ပဏီများဟာ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရန်အလို့ငှာ ကုမ္ပဏီရဲ့ အစုရှယ်ယာများ၊ ချေးငွေသက်သေခံလက်မှတ်များကို အများပြည်သူသို့ရောင်းချခွင့်ရှိပြီး Yangon Securities Exchange မှာ စာရင်းဝင်ကုမ္ပဏီ (Listed Company) ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

ကုမ္ပဏီရဲ့ အစုရှယ်ယာများကို ဈေးကွက်အတွင်း ရောင်းချခြင်းဟာ ဒါရိုက်တာများရဲ့ တာဝန်များကို တိုးမြှင့်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)မှာ အများပိုင်ကုမ္ပဏီများဟာ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေကိုလိုက်နာရပြီး အများပိုင် ကုမ္ပဏီအဖြစ် Listing ပြုလုပ်လျက် ချေးငွေသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကြီးကြပ်မှုကော်မရှင်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရန် လိုအပ်ပါတယ်။

